# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသောဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့၊ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)


၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 6 July 2025 ၁၁၈၇၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

## တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၃၇၁၈၆ ပင် စိုက်ပျိုးခဲ့ကြ

**နေပြည်တော် ဇူလိုင် ၅**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလျက်ရှိသည်။

**ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေး**

ယနေ့တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



**ယနေ့ ဖတ်စရာ**


**ပါဠိပထမပြန်စာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းထုတ်ပြန်မည်** စာမျက်နှာ » ၂

**ရေနံကဲ့သို့ အလေးထားရတော့မည့် "ရေ"** ဆောင်းပါး စာမျက်နှာ » ၆

**သံ၊ သံမဏိများ၏ အရည်အသွေးစစ်ဆေးရေးအတွက် ဓာတ်ခွဲခန်းတည်ထောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ** စာမျက်နှာ » ၈

**၂၀၂၅ ခုနှစ် ဇွန်လအတွင်း ရှာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ** စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်ထောင်စုအကျိုးအတွက်ဖိတ်ခေါ် နိုင်ငံနှင့်ဒေသအကျိုး လက်တွဲဆောင်ရွက်

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုပြဿနာနှင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဆိုးကို ထိန်းသိမ်းနိုင်ရန်အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်က နိုင်ငံ့တာဝန်ကို ယူလိုက်ရသည့်အချိန်တွင် ပြည်ပနိုင်ငံများသို့ ထွက်ပြေးခိုလှုံသွားသည့် နိုင်ငံရေးသမားအချို့က CRPH နှင့် NUG အဖွဲ့တို့ကို ဖွဲ့စည်းပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည်။ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ ၎င်းအုပ်စုသည် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့များဖြစ်သည်။ အဆိုပါအကြမ်းဖက်အုပ်စုသည် ဖြစ်ပေါ်လာသည့် အခြေအနေတွင် ၎င်းတို့အကျိုးအတွက် အသုံးချနေသည်ကို ထင်ရှားစွာတွေ့မြင်နေရသည်။

အဆိုပါအုပ်စုသည် အကြမ်းဖက်အုပ်စုများဖြစ်သည့်အပြင် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လတ်တလောထွက်ပေါ်လာသည့် အချက်အလက်များအရ ၎င်းတို့ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်များကပင် အသိအမှတ်ပြု လက်ခံထားခြင်းမရှိဘဲ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUG အဖွဲ့တို့က ၎င်းတို့၏မဲမသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ကြိုးပမ်းခဲ့မှုများကို ဖုံးကွယ်ကာ နိုင်ငံတော်အာဏာကို မတရားဆက်လက်ရယူ ဆုပ်ကိုင်ထားလိုသည့်အတွက် ၎င်းတို့ကပင် ရွေးကောက်ခံအစိုးရဖြစ်သယောင် လိမ်ညာပုံဖော်နေသည်ကို တွေ့ရမည်ဖြစ်သည်။

ထို့အပြင် CRPH နှင့် NUG တို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းအပြောင်းအလဲတွင် မူလကတည်းက နိုင်ငံရေးမှိုင်းမိခဲ့ကြသောကြောင့်ဖြစ်စေ၊ စိတ်ခံစားမှုကြောင့်ဖြစ်စေ လမ်းမှားရောက်ခဲ့ကြသော လူငယ်များအား ပြည်ပအထောက်အပံ့များဖြင့် အကြမ်းဖက်သမားများဖြစ်အောင် သွေးထိုးမြှောက်ပင့်အားပေးပြီး "ပွဲလန့်တုန်းဖျာခင်း" သည့်အုပ်စုများဖြစ်သည်။ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်ခဲ့ရသည့် တပ်မတော်ကို ဒီမိုကရေစီ နောက်ပြန်ဆွဲသည်ဟု CRPH နှင့် NUG တို့က ဝါဒဖြန့်ဆောင်ရွက်မှုကို လက်ခံယုံကြည်၍ဖြစ်စေ၊ မိမိတို့ ယုံကြည်ချက်၊ ခံယူချက် မှန်ကန်သည်ဟု ယူဆ၍ဖြစ်စေ PDF အမည်ခံအပါအဝင် လက်နက်ကိုင်အုပ်စုများသည် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရ ပြည်သူ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရားဝင်ရပ်တည်လျက်ရှိသည့် နိုင်ငံရေးပါတီများ၏ မျှော်မှန်းချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဖြစ်သည်ကို ထင်ရှားစွာတွေ့မြင်နေရသည်။ ထို့အပြင် မိမိတို့ယုံကြည်ချက်နှင့် ခံယူချက်များအတွက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည့် PDF အမည်ခံအပါအဝင် လက်နက်ကိုင်အုပ်စုများ၏ မျှော်မှန်းချက်မှာလည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်သည်ဟု ယုံကြည်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ကာ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အတော်ပင်ခရီးရောက်နေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် မျှော်မှန်းချက်တူညီပြီး ရွေးကောက်ပွဲလမ်းကြောင်းသို့ဝင်ရောက်မည့် နိုင်ငံရေးပါတီ ၅၄ ပါတီရှိသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးဆီသို့ လျှောက်လှမ်းရန်တံခါးဝကြီးမှာ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးပင်ဖြစ်သည်။ ထိုသို့သောအခြေအနေတွင် လက်နက်ကိုင်လမ်းစဉ်ကို ကိုင်စွဲနေမည်ဆိုပါက နိုင်ငံအတွက်လည်း အကျိုးရှိမည်မဟုတ်ဘဲ ဒီမိုကရေစီနောက်ပြန်သွားသကဲ့သို့သာ ဖြစ်နေမည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်သည် CRPH နှင့် NUG တို့၏ ဝါဒမှိုင်းတိုက်မှုကြောင့် လမ်းပျောက်သွားမည်ကို သတိပြုရန်လိုပြီး မိမိတို့ ယုံကြည်ချက်၊ ခံယူချက် မပျောက်ပျက်အောင် ဆက်လျှောက်သွားရန်လိုသည်။

ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးစီးပြီး လွှတ်တော်နှင့်အစိုးရများပေါ်ပေါက်လာလျှင် ရွေးကောက်ခံအစိုးရဟူသည့် ပုံဖော်ဖန်တီးရပ်တည်ထားမှုပျောက်သွားမည်ကို CRPH နှင့် NUG တို့ စိုးရိမ်နေသည်မှာ အမှန်ဖြစ်သည်။ CRPH နှင့် NUG တို့သည် PDF အပါအဝင် လက်နက်ကိုင်အုပ်စုများကို အသုံးချနေခြင်းဖြစ်သည်။ မိမိတို့ မျှော်မှန်းချက်နှင့်ဆန့်ကျင်နေပါက မှန်ကန်သောလမ်းကြောင်းကို ပြောင်း၍ လျှောက်လှမ်းသင့်သည်။ သို့ဖြစ်ရာ PDF အမည်ခံအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကိုမျှော်မှန်းကာ ဥပဒေဘောင်အတွင်း တရားဝင်ရပ်တည်ကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ဇော်မြင့် ကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(သဘာဝဘေး) ဒေါက်တာထွန်းတင် ကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပါဠိပထမပြန်စာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းထုတ်ပြန်မည်

**နေပြည်တော် ဇူလိုင် ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၇(၂၀၂၅)ခုနှစ် ပါဠိပထမပြန်စာမေးပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို ၁၃၈၇ ခုနှစ် ဝါဆိုလဆန်း(၁၃) ရက် (၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်) တနင်္လာနေ့ နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.Mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၅**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ပခုက္ကူ စာပေဆု၊ ကျမ်းစာပေပထမဆုရ **"ကိုတိုး (ရန်ကင်း)"** ရေးသားသည့် **"ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ၏ဘဝနှင့်စာပေ"** စာအုပ်ကို ၂၀၂၅ ခုနှစ် ဇူလိုင်လ အသားပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်နှင့် ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၅**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ပဲခူးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၅ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပစဉ်။

- ❖ ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀၊ ပျဉ်းကတိုး ၆၀၀၊ ပိတောက် ၃၀၀၊ မဟော်ဂနီ ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုး
- ❖ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၃ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည် သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၆၀၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်

**☆ ရွှေဖုံးမှ**

တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည် ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည် သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၆၀၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၉၀၀၊ ပျဉ်းကတိုး ၆၀၀၊ ပိတောက် ၃၀၀၊ မဟော်ဂနီ ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၃ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၆၀၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၄ သို့ »»



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

»»» စာမျက်နှာ ၃ မှ

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၃၇၁၈၆ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၇၃၈၈ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၃၃၈၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၈၈၁ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၆၃၄ ပင်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၁၄၉၂ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၄၈၉ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၇၄၂ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၉၀၅၅ ပင်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၌ အပင် ၅၄၈၀၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်၌ ၁၀၃၅၄ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၉၄၈၆ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၄၀၅ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၃၇၁၈၆ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**











တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌ မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပစဉ်။

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၅**

ပတ်ဝန်းကျင်စီမံလန်းစိုပြည်သာယာလှပရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများနိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်လာကြရန် တိုက်တွန်းနှိုးဆော်သည့် ရည်ရွယ်ချက်များဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ ညနေပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝင်းအတွင်း ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်နေရာတွင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာအသီးသီးတွင် ကျွန်းပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင်ပေါင်း ၁၀၀၀ ကျော်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၅**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်း ကျောင်းဝင်း အတွင်းကျင်းပသည်။



**စိုက်ပျိုးခဲ့**

သစ်ပင် စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရတနာတန်းဝင်ကျွန်းပင် ၁၂၅၀ကို သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြသည်။

အလားတူ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဝန်ကြီးဌာနကြီးကြပ်မှုအောက်မှ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၊ မဟာဓာတ်အားလိုင်းမှူးရုံးများ၊ ပင်မဓာတ်အားခွဲရုံများ၊ တည်ဆောက်ရေး ညွှန်ကြားရေးမှူး ရုံးများ၊ ဓာတ်အားပေး စက်ရုံများ၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင် ကျွန်းပင် ၁၀၇၃ ပင်၊ နှစ်ရှည် သီးနှံပင် ၃၆၂၃ ပင်၊ နှစ်ရှည်ပန်းပင် ၁၆၁၈ ပင်၊ အရိပ်ရလေကာပင် ၁၈၃၅ ပင် စုစုပေါင်း ၈၁၄၉ ပင်တို့ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြရာ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်၊ နှစ်ရှည်သီးနှံပင်၊ နှစ်ရှည်ပန်းပင်၊ အရိပ်ရလေကာပင် စုစုပေါင်း ၁၁၇၁၅ ပင်နှင့် ယခုဒုတိယအကြိမ်တွင် သစ်ပင်ပေါင်း ၉၃၉၉ ပင်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ယခုနှစ်တွင် လက်ရှိအချိန်ထိ သစ်ပင် စုစုပေါင်း ၂၁၁၁၄ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပခုက္ကူမြို့၌ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပခုက္ကူ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၈ နာရီခွဲက ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပခုက္ကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသက်ထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးညွှန့်၊ ခရိုင်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အုန်းနှင့်ဝန်ထမ်းများ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်သင်းသင်းဇာနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပိတောက်ပင် ၅၀၊ ခရေပင် ၅၀၊ ရင်းမာပင် ၅၀၊ မဲဇလီပင် ၃၀၊ ဆီးဖြူပင်၂၀ စုစုပေါင်း သစ်ပင် ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



# ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မြန်အောင် ဇူလိုင် ၅**

ဇူလိုင် ၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြန်အောင်မြို့နယ် ဆန်နီချောင်ကျေးရွာအုပ်စုရှိ ခေတ်မီစံပြကျေးရွာ စီမံကိန်းအကောင်



အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဆန်နီချောင်ကျေးရွာ အဝင်လမ်းဘေးတွင် ဇူလိုင် ၃ ရက် နံနက်က အရိပ်ရကြီးမြန်လေကာသစ်ပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စုပေါင်းစိုက်ပျိုးခဲ့**

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမောင်တင်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်နိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ထွန်းအောင်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးသန်းစိုးဦးတို့က ဝန်ထမ်းများနှင့် ဆန်နီချောင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ထံသို့ စိုက်ပျိုးမည့်ပျိုးပင်များကို ဖြန့်ဝေပေးပြီး ခရိုင်နှင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၊ အထက(ခွဲ)ဆန်နီချောင်မှ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ ကျေးရွာသားများက ကြီးမြန်လေကာသစ်မျိုးများဖြစ်သည့် မဟော်ဂနီနှင့် မန်ကျန်ရှားပျိုးပင် ၁၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုးညိုမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုးညို ဇူလိုင် ၅**

(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့မရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစုရုံးဝင်းအတွင်း၌ ဇူလိုင် ၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးရာတွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးသန်းထိုက်နှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အမှုဆောင်များက ကျွန်းပင် ၅၀၊ မန်ကျည်းရှားပင် ၅၀ စုစုပေါင်းအပင် ၁၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရေနံကဲ့သို့ အလေးထားရတော့မည့် "ရေ"

ရွှေသင်(MPP)



ဖျာပုံခရိုင်ဒေးဒရဲမြို့နယ်အတွင်း သောက်သုံးရေရှားပါးသော ကျေးရွာများသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေများလှူဒါန်းစဉ်။

သောက်သုံးရေရှားပါးမှု၊ ရေနံဈေးနှုန်းများ မြင့်တက်မှုများနှင့်ပတ်သက်၍ သတင်းများကို မကြာခဏကြားလာရသောအခါ အနာဂတ်ကာလများတွင် "ရေ"သည်လည်း လူသားတို့ စိုးရိမ်ပူပန်ရသည့် အရေးကြီးကုန်စည် သို့မဟုတ် ရှားပါးအရင်းအမြစ် ဖြစ်လာတော့မည်၊ ရေရှားပါးမှု အခက်အခဲများ ကျယ်ပြန့်လာတော့မည်ဟု ကြိုတင်တွေးပူနေကြလိမ့်မည်။

ကမ္ဘာ့လူသားများ အသက်ရှင်သန်နေထိုင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရှင်သန်လည်ပတ်နိုင်ရေးအတွက် မရှိမဖြစ် အရေးကြီးသည့် ရေသည် ကမ္ဘာ့လူဦးရေတိုးပွားမှု၊ သဘာဝပတ်ဝန်းကျင်များ ပျက်သုဉ်းမှု၊ ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် တဖြည်းဖြည်း ပိုမိုရှားပါးလာနေပြီဟု သုတေသီများက ထောက်ပြကြသည်။ ဤသို့ဆိုလျှင် ကမ္ဘာ့စီးပွားရေး ပုံမှန်လည်ပတ်နိုင်ရေးအတွက် အရေးကြီးသော လောင်စာအရင်းအမြစ် ရေနံကဲ့သို့ ယခုအခါ "ရေ"သည် ကမ္ဘာကြီးအတွက် အရေးကြီးသယံဇာတအရင်းအမြစ်ဖြစ်လာနေပြီလော။

**တဖြည်းဖြည်း တန်ဖိုးမြင့်လာသည့်ရေ**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားသောကဏ္ဍများတွင် မရှိမဖြစ်လိုအပ်နေသည့်ရေနံကဲ့သို့ပင် "ရေ"သည် လူသားဘဝ ရှင်သန်ရေးအတွက် အရေးကြီးအရင်းအမြစ်ဖြစ်လာလျက်ရှိရာ "ရေသယံဇာတ" သည် ယခင်ကထက် တန်ဖိုးပိုမြင့်လာသည်။ ရေသယံဇာတ စီမံခန့်ခွဲမှုသည်လည်း ယခင်ကာလများကထက် ပို၍အရေးပါလာ၏။ သေချာသည်မှာ အသုံးဝင်သည့် ရေသယံဇာတသည် လူသားများ၏မသိမှုအဝိဇ္ဇာတို့နှင့်အတူ ဆက်လက်၍ ရှားပါးလာနိုင်သည့် အလားအလာရှိနေခြင်းဖြစ်သည်။ အကျိုးဆက်အားဖြင့် အနာဂတ်ကာလများတွင် ရေ၏တန်ဖိုးသည် တဖြည်းဖြည်း ပို၍ကြီးမားလာပေလိမ့်မည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏အဆိုအရ ကမ္ဘာ့လူဦးရေ ၂ ဒသမ ၂ ဘီလီယံခန့်သည် သန့်ရှင်းစင်ကြယ်ပြီး ကျန်းမာရေးမထိခိုက်စေရန် ပြုပြင်စီမံထားသော သောက်ရေကို မရရှိနိုင်ကြဟုဆိုထားသည်။ အမှန်တကယ်ပင် ကမ္ဘာ့နေရာတိုင်း၌ လုံလောက်သောသောက်ရေ၊ သုံးရေ ထောက်ပံ့ပေးနိုင်ရန်မှာ ခက်ခဲလျက်ရှိနေသည်။ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရေရှားပါးမှုအခြေအနေကို ပိုမိုတွေ့မြင်လာကြသည်။ လူဦးရေတိုးလာခြင်း၊ မြို့ပြချဲ့ထွင်မှု အားကောင်းလာခြင်း၊ ရာသီဥတုပြောင်းလဲမှုများနှင့် အမျိုးမျိုးသော ညစ်ညမ်းမှုများ ဖြစ်ပေါ်နေခြင်းမှာ အဓိကအကြောင်းတရားများဖြစ်နေသည်။

**ပိုမိုပီပြင်လာသော ရှားပါးမှု**

ပေါပေါများများရှိနေချိန်တွင် မရှိမဖြစ် အရေးကြီးကြောင်း လေးလေးနက်နက် သတိမထားမိသည့် ရေသယံဇာတအရင်းအမြစ်သည် ယခုအချိန်တွင် ကမ္ဘာကြီး၏ နေရာအချို့၌ သိသိသာသာ လိုအပ်ချက်ကြီးမားလာနေသည်ကို တွေ့ရသည်။ လူဦးရေတိုးတက်များပြားလာမှု၊ ရေအသုံးအစွဲ ပိုမိုလာမှုနှင့်အတူ ရေအရင်းအမြစ်လျော့နည်းလာမှုတို့ အကြောင်းဆုံလာသောအခါ ရေသယံဇာတရှားပါးမှုမှာ ကမ္ဘာ့လူသားများအားလုံးအတွက် အရေးတကြီး ဖြေရှင်းရမည့် ပြဿနာကြီးတစ်ရပ် ဖြစ်လာနေတော့သည်။

ရေရှားပါးလာခြင်း ဆိုသည်မှာ လူသားတို့ အမှန်တကယ် အသုံးပြုနိုင်သည့် ရေရရှိနိုင်မှုပမာဏ လျော့ကျလာခြင်းဖြစ်သည်။ ရေသည် ကမ္ဘာမြေကြီး၏ ၇၀ ရာခိုင်နှုန်းကို ဖုံးလွှမ်းထားသော်လည်း ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ သောက်သုံးနိုင်သော အခြေအနေတွင်ရှိနေသည်ဟု သိရသည်။ ထို့အပြင် ရေချိုအများစုသည် ရေခဲမြစ်များ သို့မဟုတ် မြေအောက်လွှာများတွင် ပိတ်လှောင်ထားသကဲ့သို့ ဖြစ်နေခြင်းနှင့် အချို့မှာ ညစ်ညမ်းလျက် လူသားတို့ အသုံးမပြုနိုင်သည့် အခြေအနေတွင်ဖြစ်နေခြင်း စသည့် အခြေအနေများကြောင့် လူသားတို့ ရေသယံဇာတရရှိရေးမှာ အဟန့်အတားများ ပိုမိုဖြစ်လာနေသည်ဟု လေ့လာမှုများအရ သိရသည်။

လူသားတို့ လက်ရှိဘဝအသက်ရှင်ရပ်တည်နိုင်မှုနှင့် အနာဂတ်မျိုးဆက်များ တည်မြဲနိုင်မှုအတွက် လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများအတွက်လည်းကောင်း မရှိမဖြစ်လိုအပ်သည့်ရေချိုမှာ ပို၍ရှားပါးလာပါက လူသားအနာဂတ် မည်သို့ဖြစ်လာနိုင်သနည်း။

ရေသယံဇာတ၏ အရေးပါမှုကို ယခင်က လျှော့တွက်ခဲ့ကြ၏။ ယခုတော့ ထိုအခြေအနေ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတွင် ရေသယံဇာတသည် မည်ကဲ့သို့ အသုံးဝင်သည်၊ မည်ကဲ့သို့ အသုံးပြုနေကြသည်၊ မည်မျှပါဝင်သည် စသဖြင့် ရေသယံဇာတနှင့်ပတ်သက်၍ ယခင်ကထက် ပိုမိုစိတ်ဝင်တစားရှိလာနေကြ၏။ သုတေသနစာတမ်းတစ်ခုတွင် တစ်ကမ္ဘာလုံးကုန်ထုတ်လုပ်မှု ဂျီဒီပီတွင် ရေနှင့်သက်ဆိုင်သော လုပ်ငန်းသည် ၁၀ ရာခိုင်နှုန်းရှိကြောင်း၊ စိုက်ပျိုးရေး၊ စွမ်းအင်ထုတ်လုပ်ရေးနှင့် စက်မှုကုန်ထုတ်လုပ်ငန်းအပါအဝင် အခြားသောစီးပွားရေးလုပ်ငန်းများစွာသည် သန့်ရှင်းသော ရေရရှိမှုအပေါ်တွင် အဓိကအားထားမှီခိုမှုပြုနေရကြောင်း ဖော်ပြထားသည်။

အသုံးဝင်သော ရေသယံဇာတ၏ ရှားပါးမှုအခြေအနေ ပိုမိုကြီးမားလာသောအခါ ရေရရှိမှုအတွက် နိုင်ငံများ၊ လူ့အဖွဲ့အစည်းများအကြား အပြိုင်အဆိုင်အားထုတ်လာကြသည်။ အကန့်အသတ်ဖြင့်တည်ရှိပြီး ရှားပါးလာသည့် သယံဇာတဈေးနှုန်းသည် အခြေအနေအရ မြင့်တက်လာနိုင်ဖွယ်ရှိသည်။ ဤသို့ဆိုလျှင် အနာဂတ်ကမ္ဘာ့စီးပွားရေး အခြေအနေအပေါ် မည်သို့သက်ရောက်လာနိုင်မည်နည်း။

**အလေးထားရတော့မည့် ရေစီမံခန့်ခွဲမှု**

ကမ္ဘာတစ်ဝန်းရှိ လူသားများ ရေသယံဇာတ လုံလောက်စွာရရှိစေရေး၊ မျှတစွာ သုံးစွဲနိုင်ရေးအတွက် ရေသယံဇာတစီမံခန့်ခွဲမှု အရေးတကြီး လိုအပ်လာသည်ကို သုတေသီများက ထောက်ပြနေကြပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေသယံဇာတကုန်ခန်းမှု ဖြစ်လာခဲ့သည့်အချိန်၌ နိုင်ငံများအကြား "ရေ" ရရှိရေး အပြိုင်အဆိုင်အားထုတ်မှုများ ဖြစ်ပေါ်လာနိုင်ပြီး နိုင်ငံတကာ ပဋိပက္ခများအထိ ဦးတည်သွားနိုင်သည်ဟုလည်း သုံးသပ်ထားကြသည်။ ထို့ကြောင့် ရေသယံဇာတနှင့်ပတ်သက်၍ နိုင်ငံအစိုးရများသာမက ပုဂ္ဂလိကကဏ္ဍကပါ စိတ်ဝင်တစား ပါဝင်လုပ်ဆောင်ရန် လိုအပ်လာပြီဖြစ်သည်။

စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများသည်လည်း ၎င်းတို့ရရှိထားသော အောင်မြင်မှုများ ဆက်လက်ခိုင်မြဲစေရေးအတွက် ရေစီမံခန့်ခွဲမှု အလေ့အကျင့်များ၏ အရေးပါမှုကို ပိုမိုသိရှိကာ ဆက်လက်တန်ဖိုးထား လုပ်ဆောင်သင့်သည်။ ရေအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေသန့်စင်မှုနည်းပညာနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရေးစသည်ဖြင့် ရေသယံဇာတ စီမံခန့်ခွဲမှုကို ထိထိရောက်ရောက် လုပ်ဆောင်ကြရန် ပြင်ဆင်ရမည့်အချိန် ရောက်ရှိနေပြီဖြစ်သည်။

**ဦးစားပေးရေး အားပြိုင်လာသည့် ရေနှင့်ရေနံ**

ရေနံသည် ကမ္ဘာ့အရေးအကြီးဆုံးကုန်ပစ္စည်းဖြစ်ကြောင်း အားလုံးသိပြီးဖြစ်သည်။ ကမ္ဘာကြီးက အကန့်အသတ်ဖြင့်သာ ထောက်ပံ့နိုင်သည့် ရေနံ၏ အခြေအနေနှင့်အတူ အရေးပါမှုမြင့်တက်လာသော ရေ၏ပုံရိပ်တို့ကို နှိုင်းယှဉ်စဉ်းစားလာနေကြပြီဖြစ်သည်။ သုတေသနလေ့လာမှုများဖြင့် အကဲဖြတ်နေကြပြီ။ လန်ဒန်အခြေစိုက် Schroders သုတေသနအဖွဲ့၏ အကဲဖြတ်အကြံပြုချက်အရ ကမ္ဘာ့လူဦးရေ ပိုမိုတိုးပွားလာပါက ရေသယံဇာတသည် ရေနံစိမ်းထက် ပိုမိုတန်ဖိုးရှိလာနိုင်မည်ဟု ကြိုတင်သုံးသပ်နေကြသည်။ မိုးခေါင်မှုများ၊ မိုးရွာသွန်းမှုပုံစံ ပြောင်းလဲမှုများသည် ကမ္ဘာ့စီးပွားရေးကို သက်ရောက်စေသည့် ရာသီဥတုပြောင်းလဲမှု အခြေအနေနှစ်ရပ်ဖြစ်ပြီး ရေစီမံခန့်ခွဲမှု ပိုမိုစနစ်တကျနှင့် ထိထိရောက်ရောက် ပြုလုပ်ရန်လိုအပ်နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြနေပြီဟုလည်း ဆိုရပေမည်။

**အရေးကြီးကုန်စည်တစ်ခု**

စွမ်းအင်လောင်စာအတွက် ရေနံသည် အရေးကြီးကြောင်း တွင်တွင်ရေးသား၊ ဆွေးနွေးနေကြဆဲအချိန်တွင် "ရေသယံဇာတ"ကိုလည်း အလေးထားရကောင်းမှန်း ကမ္ဘာ့လူသားတို့ ပိုမိုသဘောပေါက်လာနေကြပြီ။ စီးပွားရေးရှုထောင့်မှ ကုန်စည်တစ်ခုအနေဖြင့် ဆိုရလျှင် လူသားတို့စိုးရိမ်ပူပန်ရမည့် အရေးကြီးကုန်စည်တစ်ခု တိုးလာခဲ့ပြီဟု ကောက်ချက်ချရမည်။ "ရေနှင့်ရေနံ မည်သည့်အရာကို အရေးတကြီး သဘောထား၍ ဦးစားပေးကြမည်နည်း"။

အစိုးရများသာမက၊ ကော်ပိုရေးရှင်းများ၊ စီးပွားရေးလုပ်ငန်းနှင့် ပြည်သူများသည်လည်း စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်သည့်ရေစီမံခန့်ခွဲမှုဆိုင်ရာ အလေ့အကျင့်များကို ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်သည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်း ရေသယံဇာတအညီအမျှ ရရှိစေရေး အာမခံနိုင်ရန်အလို့ငှာ၊ ရေသယံဇာတဆိုင်ရာ အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်လျက် အားလုံးပူးပေါင်းအားထုတ်လုပ်ဆောင်ကြရမည်။ သန့်ရှင်းသောရေ ရရှိနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ခြင်းသည်သာ အလုပ်ဖြစ်မည်၊ သေချာသော ရလဒ်တစ်ခုကို ရရှိနိုင်ပေလိမ့်မည်။ ။

ကိုးကား – https://www.eurasiareview.com/

❛ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အခြားသောကဏ္ဍများတွင် မရှိမဖြစ်လိုအပ်နေသည့်ရေနံကဲ့သို့ပင် "ရေ"သည် လူသားဘဝ ရှင်သန်ရေးအတွက် အရေးကြီးအရင်းအမြစ်ဖြစ်လာလျက်ရှိရာ "ရေသယံဇာတ" သည် ယခင်ကထက် တန်ဖိုးပိုမြင့်လာသည်။ ရေသယံဇာတစီမံခန့်ခွဲမှုသည်လည်း ယခင်ကာလများကထက် ပို၍အရေးပါလာ၏။ သေချာသည်မှာ အသုံးဝင်သည့် ရေသယံဇာတသည် လူသားများ၏မသိမှု အဝိဇ္ဇာတို့နှင့်အတူ ဆက်လက်၍ ရှားပါးလာနိုင်သည့် အလားအလာရှိနေခြင်းဖြစ်သည်။ အကျိုးဆက်အားဖြင့် အနာဂတ်ကာလများတွင် ရေ၏တန်ဖိုးသည် တဖြည်းဖြည်း ပို၍ကြီးမားလာပေလိမ့်မည် ❜

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၅

(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သမဝါယမစီးပွားရေးဗဟိုဌာန၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဗဟိုသမဝါယမအသင်းလီမိတက် နာယက၊ ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ သမဝါယမကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များမှ ဥက္ကဋ္ဌများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက သမဝါယမဦးစီးဌာနသည် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ ACTION PLAN (၉)ရပ်ချမှတ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အမှန်တကယ်အလုပ်လုပ်လိုသူများ၊ လုပ်ငန်းတူရာအလိုက် သမဝါယမအပေါ် စိတ်ဝင်စားသူများအား စည်းရုံးဖွဲ့စည်းခြင်း၊ ဖွဲ့စည်းခဲ့ပြီးသော အသင်းဟောင်းများကို လုပ်ငန်းအမှန်တကယ်လုပ်ကိုင်သူများဖြင့်သာ ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ သမဝါယမအသင်းပေါင်း ၃၈၆၈၃ သင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

စိုက်ပျိုးရေးကုန်ထုတ် သမဝါယမအသင်းများအတွက် အထွက်တိုးမျိုးစေ့ရှာဖွေပေးခြင်း၊ မြေပြုပြင်ရန် သွင်းအားစုထည့်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး အသိပညာပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မွေးမြူရေးကုန်ထုတ်အသင်းများအတွက် မျိုးကောင်းမျိုးသန့်မွေးနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ တိရစ္ဆာန်အစာဝယ်ယူနိုင်ရေး စီစဉ်ပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးလျက်ရှိသည့် သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (COOPEATIVE ACCOUNTING VOCATIONAL TRAINING CENTER)များကို မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်နှင့် ပုသိမ်မြို့များတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှစတင်ကာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ယခုနှစ်၏ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ကြွေးကြော်သံ ဆောင်ပုဒ်ဖြစ်သည့် “COOPERATIVES: DRIVING INCLUSIVE AND SUSTAINABLE SOLUTIONS FOR A BETTER WORLD” (သမဝါယမနည်းလမ်းဖြင့် ပိုမိုကောင်းမွန်သောကမ္ဘာကြီးကို တည်ဆောက်ကြပါစို့) ဆိုသည့်အတိုင်း ကမ္ဘာတစ်ဝန်းလုံးက သဘောတူလက်ခံထားသည့် အခြေခံမူများအတိုင်း လိုက်နာကျင့်သုံး ကြိုးစားအားထုတ်ပြီး တာဝန်ရှိသူများကိုယ်တိုင်က စနစ်တကျကြီးကြပ်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုး နိုင်ရေးအတွက် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဗဟိုသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့မှပေးပို့သော သဝဏ်လွှာကို ဗဟိုသမဝါယမအသင်းလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးက ဖတ်ကြားကာ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုတေးသီချင်းနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်မှု VIDEO CLIP ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများနှင့် တိုင်းဦးစီးမှူးများထံ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သည့် သက်တံရောင်စီမံကိန်း စိုက်ပျိုးရေး၊ မွေးမြူရေး ထောက်ပံ့ငွေများ၊ စက်ကိရိယာများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများပေးအပ်ကာ သမဝါယမလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လသာမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ ဆုပေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ ဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက လသာမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဦးက အမှာစကားပြောကြားပြီး လသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ လသာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ရန်ကုန်တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ လသာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

အုတ်တွင်း ဇူလိုင် ၅

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနမှ ယနေ့တွင် ကျရောက်သည့် (၁၀၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမအသင်းစုလီမိတက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**အမှာစကားပြောကြား**

ဦးစွာ ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်လတ်က အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုများ ပြသပေးကာ မြို့နယ်အတွင်း မိုးစပါး၊ နွေစပါး စိုက်ပျိုးသည့်တောင်သူများအား မျိုးစေ့ချကိရိယာများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်အောင် အများဆုံးထွက်ရှိသည့် တောင်ဝင်းကုန်း၊ ဘုရားကြီးကုန်း၊ အရှေ့ကြို့ကုန်း စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်းသားများအား မြို့နယ် စိုက်ပျိုးရေး/ မွေးမြူရေး ကြီးကြပ်မှုကော်မတီ အဖွဲ့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## သနပ်ပင်မြို့နယ်၌ (၁၀၃)နှစ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

သနပ်ပင် ဇူလိုင် ၅

(၁၀၃)နှစ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ယနေ့နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းတို့ပူးပေါင်း၍ သနပ်ပင်မြို့ လမ်းဘေးဝဲ/ယာတွင် သစ်ပင်စိုက်ပွဲ ကျင်းပသည်။




အဆိုပါ ဆောင်ရွက်မှုကို မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယင်းမာသွင်နှင့် မြို့နယ်သမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်ဇာမောင်တို့ ဦးဆောင်၍ အရိပ်ရပင်များကို မြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းတို့ စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ စုဆောင်းငွေပေါ်အတိုးနှင့် အမြတ်ငွေများ ပေးအပ်

မင်းလှ ဇူလိုင် ၅

(၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိသားစု ငွေစု/ငွေချေး သမဝါယမအသင်း လီမိတက်က အသင်းသားများ၏ စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က ဆောင်ရွက်သည်။



အခမ်းအနားတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်နွယ်က အမှာစကားပြောကြားပြီး အသင်းအမှုဆောင် ဒေါ်သိမ့်သိမ့်သင်းက မိသားစု ငွေစု/ငွေချေးသမဝါယမအသင်းလီမိတတ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေစာရင်းရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အသင်းသားများအား စုဆောင်းငွေပေါ် အတိုးနှင့် အစုပေါ်အမြတ် ၄၇၁၁၅၁၅ ကျပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# သံ၊ သံမဏိများ၏ အရည်အသွေးစစ်ဆေးရေးအတွက် ဓာတ်ခွဲခန်းတည်ထောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၅**

သံ၊ သံမဏိများ၏ အရည်အသွေးစစ်ဆေးရေးအတွက် ဓာတ်ခွဲခန်းတည်ထောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်မြို့နယ်ရှိ MSME ထုတ်ကုန်ပြခန်း၌ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ သံနှင့် သံမဏိလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သံမဏိချောင်းများနှင့်စပ်လျဉ်း၍ လျှင်အမြန် တုံ့ပြန်ဆောင်ရွက်မှုအနေဖြင့် ပြည်တွင်း၌ အသုံးပြုလျက်ရှိသည့် သံချောင်းလုံးနမူနာများကို အရည်အသွေး စမ်းသပ်စစ်ဆေးခြင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းနှင့်တွေ့ဆုံ၍ သံမဏိမူဝါဒ လမ်းပြမြေပုံ (Road Map)ရေးဆွဲရေး ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် ပြည်တွင်း၌ ထုတ်လုပ်သည့် သံ၊ သံမဏိများနှင့် ပြည်ပမှတင်သွင်းလာသည့် သံ၊ သံမဏိများ၏ အရည်အသွေး၊ စံချိန်စံညွှန်း ထိန်းသိမ်း ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန်အတွက် သံမဏိ စံချိန်စံညွှန်း သုံးခုကို မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်း (Mandatory Standard)များအဖြစ် သတ်မှတ်နိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးထိန်းသိမ်းရေးအတွက် အဓိကလိုအပ်သည့် စံချိန်စံညွှန်းများ သတ်မှတ်ပြီးပါက စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးစစ်ဆေးနိုင်ရန် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းတစ်ခု တည်ထောင်ရန် လိုအပ်ကြောင်း။

ဓာတ်ခွဲခန်းတည်ထောင်ရန် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်များ၏ ပူးပေါင်းပါဝင်မှု၊ အကြံဉာဏ်များ၊ နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ယနေ့အစည်းအဝေးတွင် သံနှင့်သံမဏိများ၏ အရည်အသွေးစစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းထူထောင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာသည့် ပညာရှင်များအနေဖြင့် ရှုထောင့်ပေါင်းစုံမှ သုံးသပ်၍ တွေ့ရှိချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သံနှင့်သံမဏိ လုပ်ငန်းရှင်များအသင်းမှ သံ၊ သံမဏိများအား အရည်အသွေးစစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းထူထောင်ရေး ကိစ္စရပ်များနှင့် ဓာတ်ခွဲခန်းအသစ် မထူထောင်မီ ပြည်တွင်း၌ ရှိပြီးဖြစ်သည့် ဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေး၊ ဘိလပ်မြေစက်ရုံများအနေဖြင့် စက်ရုံအလိုက်ထုတ်လုပ်သည့် ဘိလပ်မြေများ၏ အရည်အသွေးကို စက်ရုံအသီးသီး၌ စစ်ဆေးနေမှု၊ မြန်မာ့သံ၊သံမဏိ မူဝါဒရေးဆွဲထားမှုအခြေအနေတို့ကို ဝိုင်းဝန်းအကြံပြုသုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့မှ ဥက္ကဋ္ဌများ၊ ပညာရှင်များက မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ-၂၀၂၅(MNBC-2025) စာအုပ်များနှင့် soft copy များကို ပြည်ထောင်စုဝန်ကြီးအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# EV အသိပညာများကို ပြည်သူများအပါအဝင် EV Stakeholder များ၏ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်ရန်မှာကြား

**နေပြည်တော် ဇူလိုင် ၅**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ညနေပိုင်းတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ် (TTTC ဘယ်လင်း)တွင် ကျင်းပသည့် EV ပြုပြင်ထိန်းသိမ်းမှုသင်တန်း (၂/၂၀၂၅)ဆင်းပွဲအခမ်းအနားကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။




ဦးစွာ ဒုတိယဝန်ကြီးကသင်တန်းဆင်းများသည် EV နည်းပညာများကို လုပ်ငန်းခွင်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချကြရန်နှင့် EV အသိပညာများကို ပြည်သူများအပါအဝင် EV Stakeholder များ၏ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေးအလေးထားဆောင်ရွက်သွားရန်၊ နိုင်ငံ့ EV ကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် သင်တန်းဆင်းတစ်ဦးက သင်တန်းဆင်းများကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့ပြီး (TTTC ဘယ်လင်း) ကျောင်းအုပ်ကြီးက သင်တန်းဆင်းများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ UNR 100၊ ဗို့အားမြင့်မောင်းနှင်ခြင်းစနစ်၊ ဘက်ထရီနည်းပညာ၊ ထိန်းချုပ်စနစ်၊ Special Hand Tools ကိုင်တွယ်အသုံးပြုပုံ၊ ပြစ်ချက်ရှာဖွေခြင်းနှင့် စမ်းသပ်ခြင်း၊ Traction Battery ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်း၊ Electrical Power Train စနစ် ဖြုတ်တပ်ခြင်းနှင့် စမ်းသပ်ခြင်းဆိုင်ရာ လက်တွေ့လုပ်ငန်းများကို အဆင့်မြင့် သင်ထောက်ကူမော်ကျူးများဖြင့် Electude Digital Learning Management System နှင့် တွဲဖက်ပြီး ဇွန် ၁၆ ရက်မှ ဇူလိုင် ၄ ရက်အထိ သင်တန်းကာလ သုံးပတ်အတွင်း တစ်ပတ်လျှင်ငါးရက်၊ တစ်ရက်လျှင် ခြောက်နာရီနှုန်း သင်တန်းချိန်နာရီ ၉၀ ဖြင့် လေ့ကျင့်ပေးခဲ့ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ EV ကုမ္ပဏီများနှင့် ကားဝပ်ရှော့များမှ သင်တန်းသား ၂၀ နှင့် ဌာနဆိုင်ရာ သင်တန်းသားခုနစ်ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ငွေဆောင်မြို့၌ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဆင်းပွဲများ ကျင်းပ



**ငွေဆောင် ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ကြီးကြပ်မှု ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဇွန် ၉ ရက်မှ ဇူလိုင် ၄ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းလေးမျိုး ဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ယမုံနာဦး ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးက အဖွင့်အမှာစကားပြောကြားကာ Front Office သင်တန်း၊ Housekeeping သင်တန်းများအတွက် အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက Food & Beverage( service) သင်တန်းနှင့် Food & Beverage ( Production) သင်တန်းများအတွက် အောင်လက်မှတ်များနှင့် သင်တန်းဆရာ သုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တက်ရောက်အောင်မြင်**

အဆိုပါ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းလေးမျိုးကို ငွေဆောင်ဟိုတယ်ဇုန်၏ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်းရှိ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဟိုတယ်များမှ ပြီးပြည့်စုံသောဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကြီးကြပ်မှု၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ဧည့်ကြိုသင်တန်းတွင် သင်တန်းသား ၃၁ ဦး၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းတွင် သင်တန်းသား ၃၄ ဦး၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှုသင်တန်းတွင် သင်တန်းသား ၃၀ နှင့် အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်းတွင် သင်တန်းသား ၂၈ ဦး စုစုပေါင်း ၁၂၃ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း သိရသည်။

**ငွေဆောင်(ပြန်/ဆက်)**

# လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဖွင့်လှစ်

**လှည်းကူး ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ကြက်ခြေနီအသင်းခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်းအခြေခံသင်တန်း(၁/၂၀၂၅)ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက လှည်းကူးပညာရေးဒီဂရီကောလိပ်ရှိ ပညာ့အားမာန်ခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ သင်တန်းကို ရန်ကုန်တိုင်းကြက်ခြေနီတပ်ဖွဲ့မှူးနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးတို့က ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် လှည်းကူးပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်က အမှာစကားပြောကြားခဲ့ပြီး တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးနေဆန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းအား ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အဆောင်များဆောက်လုပ်နေမှုနှင့် နေရာချထားပေးမှု ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာရုံးများ၌ ဝန်ထမ်းများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး စစ်တွေမြို့ပေါ်ရှိ ယာယီနေရပ်စွန့်ခွာစုရပ်များတွင် နေထိုင်ကြသည့် ပြည်သူများအတွက် အဆောင်များဆောက်လုပ်နေရာချထားပေးမှုနှင့် အဆောင်များ ဆက်လက်ဆောက်လုပ်နေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများက သန့်ရှင်းသာယာလှပရေးအတွက်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှု၊ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်မှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် သံဃရာဇာဝိဟာရဘုန်းတော်ကြီးကျောင်းတိုက်၌ ယာယီနေရပ်စွန့်ခွာပြည်သူများ နေထိုင်ရန်အတွက် ယာယီလူနေဆောင်များဆောက်လုပ်ပြီး နေရာချထားမှု၊ ဆောက်လုပ်ပြီး အဆောင်များတွင် ပြည်သူများ အေးချမ်းစွာနေထိုင်နေမှု၊ အဆိုပါယာယီနေရပ်စွန့်ခွာစုရပ်တွင် ဆိုလာစနစ်ဖြင့် လမ်းမီးများတပ်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကလေးငယ်များအား စားသောက်ဖွယ်ရာများပေးအပ်သည်။

ဆက်လက်၍ ဧည့်ဝတီရပ်ကွက် ဓမ္မာရာမပရိယတ္တိစာသင်တိုက်၊ တေဇာရာမဝိပဿနာ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် သူရိယစန္ဒာရာမမိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်းတိုက်တို့သို့ သွားရောက်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူများနေထိုင်ရန်အတွက် ယာယီလူနေဆောင်များ ဆောက်လုပ်ပြီးနေရာချထားမှု၊ အဆောင်များ ဆောက်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# သီတဂူစက္ခုဒါနဆေးရုံ၌ (၁၃)ကြိမ်မြောက် အခမဲ့စမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၅

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ၏ သြဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုအဖွဲ့၊ အထူးကု ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများက ခေတ်မီစက်ကြီးများဖြင့် မျက်စိဝေဒနာရှင်များအား (၁၃)ကြိမ်မြောက်အခမဲ့စမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသမှုများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းရှိသီတဂူဆေးရုံကိုးထပ်ကျောင်းဆောင်၌ ဇူလိုင် ၂ ရက်မှ ၇ ရက် အထိဆောင်ရွက်ပေးလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်အများအပြားလာရောက် ပြသလျက်ရှိသည်။



ယင်းသို့ မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်စစ်ဆေး၊ ခွဲစိတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂ ရက်တွင် မျက်စိဝေဒနာရှင် ၅၈၁ ဦး၊ ဇူလိုင် ၃ ရက်တွင် ၆၈၆ ဦးတို့ကို သီတဂူမျက်စိအထူးကုအဖွဲ့၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြု ဆရာမများက ခေတ်မီစက်ကြီးများဖြင့် စမ်းသပ်စစ်ဆေးပေးပြီး ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ ခွဲစိတ်ကုသမှုခံယူရမည့် မျက်စိဝေဒနာရှင် ၁၀၀ ခန့်ကိုနေ့စဉ် ခွဲစိတ်၍ မျက်စိအလင်းအလှူတော် ပြုလုပ်ပေးသွားမည်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံကို စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိအချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သီတဂူဆေးရုံတော်ပေါင်း ၄၄ ရုံအထိ ဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင် နှစ်သန်းကျော်ကို ကြည့်ရှုစစ်ဆေးပေးခဲ့ကာ ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းလတ်-MNA**

# မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့များနှင့် မြန်မာ့သနပ်ခါးအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြော

ပြင်ဦးလွင် ဇူလိုင် ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့များနှင့် မြန်မာ့သနပ်ခါးအကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂ ရက်တွင် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကမ္ဘောဇဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က သနပ်ခါးကို မြန်မာလူမျိုးတို့ ရှေးနှစ်ပေါင်းများစွာမှ ယနေ့အထိ လိမ်းခြယ်ကြကြောင်း၊ သနပ်ခါးပင်သည် အမြင့်ပေ ၂၀ ၊ ၃၀ ရှိသည့် ပင်လတ်မျိုးဖြစ်ပါကြောင်း၊ ယခုအခါ သနပ်ခါးကို သဘာဝအတိုင်းသွေးပြီးလိမ်းရုံသာမက အလှကုန် ပစ္စည်းများအနေနဲ့ ထုတ်လုပ်သုံးစွဲလာကြပါကြောင်း၊ ယခုအခါ မြန်မာ့သနပ်ခါးကို ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဝင်စေရန်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ အဖွဲ့အစည်းပေါင်းစုံမှ အားတက်သရောကြိုးပမ်းလျက်ရှိသည့်အတွက် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့အလယ်တွင် မှတ်တိုင်တစ်ရပ်စိုက်ထူနိုင် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ကလေးမြို့၌ အခြေခံ/ အဆင့်မြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ကလေး ဇူလိုင် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (အခြေခံ/အဆင့်မြင့် စက်ချုပ်နည်းပညာသင်တန်း)ဖွင့်ပွဲကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် ချမ်းမြေ့အောင်စည်ရပ်ကွက် နယ်မြေ(၉) မိုးလင်းရှောင်စောနန်းဘုရားကျောင်း၌ ကျင်းပသည်။



ဦးစွာ ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်နှင့် ပေါင်ကျင့်ဟောက်ပါရှန်စောနန်း တမန်တော်မြတ် မိုးလင်းရှောင်စောင်းဆရာတော်ကြီးတို့က အမှာစကားပြောကြားပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

အဆိုပါ သင်တန်းကို အခြေခံသင်တန်းရက် ၃၀၊ အဆင့်မြင့်သင်တန်း ၁၅ ရက် သတ်မှတ်ကာ နှစ်ကြိမ်ခွဲ၍သင်တန်းသူ ၁၂ဦးအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့၊လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**



# မုဒုံမြို့နယ် ကော့ပရံ-တံခွန်တိုင်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

မုဒုံ ဇူလိုင် ၅

မွန်ပြည်နယ် မုဒုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းများကို ပြည်နယ်တာဝန်ရှိသူများက ဇူလိုင် ၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် မုဒုံမြို့နယ် ကော့ပရံ- တံခွန်တိုင် ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

မုဒုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးလက်နေပြည်သူများအတွက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းတစ်လမ်း၊ ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကတ္တရာလမ်းတစ်လမ်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှစ်လမ်းနှင့် ကွန်ကရစ်တံတားတစ်စင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**

# အမည်မည်းစာရင်း ကြေညာခြင်း

(ယမန်နေ့မှအဆက်)

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပို့ကုန်တင်ပို့ခဲ့ပြီး
ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီများစာရင်း

| | | | | |
|---|---|---|---|---|
| ၁၆၇ | TAW WIN 77 COMPANY LIMITED. | U Pyae Phyo Thu | Between (69x70) Street, Between (35x36) Street, No (39/39) Maharaungmyay Township, Mandalay Region | 9/MAHAMA(N)074108 |
| | | U Sai Hom | | 9/MAHAMA(N)074109 |
| | | U Sai Tun Tun Aung | | 13/LAYANA(N)003924 |
| ၁၆၈ | TAW WIN PAN KHWAR NYO COMPANY LIMITED. | Daw Ni Ni Lwin | 13th Street, (Lower Block), No. 33, 1-Floor (6) Quarter, Lanmadaw Township, Yangon | 14/PATANA(N)194100 |
| ၁၆၉ | THAN THAR LINN COMPANY LIMITED. | Daw Thidar Myat Mon | U Aung Zay Ya Street, No. (668), Ward No. (5), Myawaddy Township, Kayin State | 7/NYALAPA(N)104735 |
| | | U Thet Wai Naing | | 10/THAHTANA(N)110568 |
| ၁၇၀ | THE GAZILLION STAR TRADING COMPANY LIMITED. | U Ba Sein | Let Wel Min Din Street, No. 1200, 5th Floor Myittar Nyunt Ward, Tamwe, Yangon | 12/TAMANA(N)132201 |
| ၁၇၁ | THE SEA SMELL TRADING COMPANY LIMITED. | U Myo Ko Ko Oo | Block (63), No. (15), Nawaddy Market Inner Street, (6) Ward, Hlaing Thar Yar Township, Yangon | 7/KATAKHA(N)162277 |
| | | U Htut Htut Min | | 14/AHGAPA(N)149833 |
| ၁၇၂ | THEIN AUNG HTUN COMPANY LIMITED | U Kyaw Thein | Than Lwin Street, No. (2728)/ Industry Zone-2 (63) Quarter/ South Dagon Township,Yangon | 10/PAMANA(N)064673 |
| | | U Mu Too | | 12/YAPATHA(PHU)000650 |
| | | U Saw Naing Aye | | 12/OUKATA(PHU)000663 |
| ၁၇၃ | THIT SAR SU SAN EXPORT COMPANY LIMITED. | Daw Thet Thet Oo | Yadanar Street, No-5 Michaungkan Part (3) Quarter, Thingangyun Township, Yangon | 12/YAKANA(N)072006 |
| ၁၇၄ | TIN HTAY INVESTMENT COMPANY LIMITED. | Daw Chaw Su Myint | No. 275, Pyaty Road, KBZ Tower, Room 12-AA, 13FL. Yangon, Sanchaung, Yangon | 13/LAYANA(N)000906 |
| | | GREGORY CHARLES KYAW NYEIN | | PA5138119 |
| ၁၇၅ | TLS & TRADING CO., LTD. | KO BYOUNG KWON | Taw Win Street, Royal Thiri Condo, C-318, 9 Mile Ward-5, Mayangone Township, Yangon | M67043683 |
| | | U Kyaw Win | | 12/DAGANA(N)027209 |
| ၁၇၆ | TOP FORM MYANMAR COMPANY LIMITED. | MR APIWAT CHATPHAN | Myitta Lin Myaing Road, No 614 Aung Chan Thar Quarter, Myitta Lin Myaing Village, Myawaddy, Kayin State | AA6353196 |
| | | MR MICHAEL ALLEN LURER | | A34749296 |
| | | MR WONG KAI CHI KENNETH | | KJ0391612 HKSAR |
| ၁၇၇ | TRI IRON COMPANY LIMITED. | Daw Thuzar Win | No. (2), 4th Street Kwet Thit Quarter, Insein Township, Yangon | 12/MAGADA(N)209527 |
| ၁၇၈ | TRI OCEAN INTERNATIONAL CO.,LTD. | Daw Cherry Aung | Ma Kyee Kyee Street, No. 24 (A), 3rd Floor Sanchaung Township, Yangon | 12/MAGADA(N)057849 |
| | | Daw Nan Hla Lwin | | 10/MALAMA(N)040449 |
| | | U Wai Zin Oo | | 12/MAGADA(N)052555 |
| ၁၇၉ | U KAUNG TRADING CO.,LTD. | U Aung Zay Yar Oo | Building-H, Room No.202, Myanma Thinnbaw Kyinn Housing, Ward No. (4), Kamayut Township, Yangon | 12/KAMAYA(N)011575 |
| | | U Thar Oo | | 12/SAKHANA(N)052851 |
| ၁၈၀ | VIETNAM MYANMAR FRIENDSHIP TRADING CO., LTD. | U Thein Chit | No-35, Sint Oh Tan Street, Latha T/S, Yangon | 13/TAKHALA(N)002715 |
| | | Daw Phyu Phyu Win | | 11/SATANA(N)026239 |
| ၁၈၁ | VOLUME TABLEWARE (MYANMAR) LIMITED. | MR. ADAM JOHN MONTGOMERY | Holding No. 46,47,48,58,59 (KA), 132, Kwin No, 1254, Taik Gyi Kong, Kywe Thet Village Tract Tharyarwaddy Township, Bago Kanbawza Avenue Road, No. 7(A) Golden Valley Avenue One, Bahan Township, Yangon | PE0381669 |
| | | MR. DEAN ALEXANDER MONTGOMERY | | PE0381320 |
| ၁၈၂ | VUINO GEAR MYANMAR CO., LTD. | GUI JING | Ye Su Anout Taw, Plot No. 25/26(2), Myay Taing Block No. (525/KA). Mingalardon Township, Yangon | E73627827 |
| | | LI JIABIN | | E56189241 |
| | | SHA YONGWEI | | EE5023707 |
| | | SONG LIMING | | G47903024 |
| | | HE XINGYAO | | E07710026 |
| ၁၈၃ | WAI MOE AUNG FAMILY COMPANY LIMITED. | Daw Aye Moh Moh San | 43rd Street, No. (101/8-C) Botahtaung Township, Yangon | 14/PATHAYA(N)051847 |
| | | U Khin Maung Win | | 14/PATHAYA(N)006504 |
| | | U Wai Moe Aung | | 14/KAKAHTA(N)185709 |
| ၁၈၄ | WARTAYAR VENEER INDUSTRIES PRIVATE LIMITED. | ASHISH AGARWAL | Corner Of Than Din Street And Bo Tail Chun Street, Block No. (49), Plot No. (322/323) War Ta Yar Industrial Zone, Shwe Phi Thar Township, Yangon | Z5832513 |
| | | SHYAM DAGA | | Z3445983 |
| ၁၈၅ | WIN EI WIN TOGETHER COMPANY LIMITED. | U Sai Hla Aung | No. (162-B), Kant Kaw Street, Kaung Hmu Tone Quarter, Muse Township, Shan State | 13/LAYANA(N)183582 |
| ၁၈၆ | WIN NASA FAMILY TRADING COMPANY LIMITED. | Daw Anhar @ Latt Latt Win | Building No (210/214), Room No (5/6) , Ground Floor, Anawratha Street (11) Quarter, Pabedan Township, Yangon | 12/PABATA(N)038559 |
| | | U Eliyeas | | 12/BATAHTA(N)046350 |
| | | U Mohammed Junad @ Ye Win Htut | | 12/PABATA(N)038558 |
| ၁၈၇ | WINNER GLOBAL LOGISTICS SERVICES COMPANY LIMITED. | U Kyaw Kyaw Khaing | Kantkaw Myaing Street, No. 175 30th Ward, (Thuwana), Thingangyun Township, Yanagon | 12/DAGAMA(N)020867 |
| ၁၈၈ | WOOD CARVERS COMPANY LIMITED. | U Ahamad @ Kyaw Soe Oo | 48th Street, No. 139, Ground Floor, (10) Quarter, Botahtaung Township,Yangon | 12/PABATA(N)009879 |
| | | Daw Khin San Win | | 12/MAGATA(N)074311 |
| | | SANTOSH KUMAR | | Z2069513 |
| ၁၈၉ | WORLD NINE ONE NINE COMPANY LIMITED. | U Kyi Naing | No.(106), Socialit (2) Street, Shin Saw Pu Ward, Bago | 12/THAKATA(N)127639 |
| | | U Aung Khin | | 12/THAKATA(N)008158 |

စာမျက်နှာ ၁၁ သို့ »»

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

**ကမ္ဘာ့လူဦးရေနေ့**

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

**ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (တနင်္ဂနွေနေ့)

"Empower Rural Community – transform our world together"

"တို့ကမ္ဘာမြေတိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့"

## မိုးစပါးစိုက်ပျိုးမှုသရုပ်ပြခြင်း၊ ဓာတ်မြေသြဇာနှင့် စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ခြင်း ကျင်းပ

**ရန်ကုန် ဇူလိုင် ၅**

၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးမှု သရုပ်ပြခြင်း၊ ဓာတ်မြေသြဇာ ပေးအပ်ခြင်းနှင့် စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ခြင်းတို့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥပ္ပံကျေးရွာအုပ်စု တောင်သူဦးတင်လှ၏ လယ်မြေ ၁၀ ဧကတွင် ဆောင်ရွက်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြသည်။





**ရှင်းလင်းတင်ပြ**

ဦးစွာ တာဝန်ရှိသူများက တိုက်ကြီးခရိုင်အတွင်း မိုးစပါး စိုက်ပျိုးမှုဆိုင်ရာ အချက်အလက်များ၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေများနှင့် ဓာတ်မြေသြဇာများကို ပေးအပ်ကြပြီး တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်နေမှု၊ တိုက်ရိုက်အစေ့ချကိရိယာဖြင့် ယှဉ်ပြိုင်စိုက်ပျိုးနေမှု၊ ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနေမှု၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြနေမှု၊ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း သရုပ်ပြနေမှု၊ စက်မှုလယ်ယာဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့က ခင်းကျင်းပြသထားသည့် လယ်မြေပြုပြင်ရန် မြေဆွေးမြေသြဇာ ဆောင်ရွက်ထားရှိမှု၊ အပင်အားဆေးဆောင်ရွက်ထားရှိမှုနှင့် EM ဘိုကာချီမြေဆွေးများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးနည်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသော အသင်းများအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ပွင့်ဖြူ ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြေစာရင်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာအုပ်စု တောင်သူ ဦးကျော်ဝင်းဌေး၏ စပါးမျိုးကွဲ (ရတနာတိုး) စိုက်ကွက်ကောင်း ကိုယ်စားပြုလယ်မြေတွင် ကျင်းပသည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းရာတွင် မကွေးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးစံရဲကျော်၊ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာစိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး စပါးမျိုးကွဲ(ရတနာတိုး) စံပြကွက်စိုက်ခင်းကို စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အစိုထွက် ၁၂၇ ဒသမ ၃၉ တင်း ၊ အခြောက် ၁၁၄ ဒသမ ၆၅ တင်း ထွက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး( ပွင့်ဖြူမြေ )**



»»» စာမျက်နှာ ၁၀ မှ

| | | | | |
|---|---|---|---|---|
| ၁၉၀ | Y P N GROUP INDUSTRY COMPANY LIMITED | Daw Khin Mar Lwin | Hninsi Street, No.(A/104), Bo Lein Aung Mingalar Ward, Tamwe T/S, Yangon | TGO–154565 |
| | | Daw Nyein Nyein Phyo | | 12/YAPATHA(N)068573 |
| | | U Tin Win | | 12/TAMANA(N)064081 |
| | | Daw Yoon Yadanar Lwin | | 12/TAMANA(N)136045 |
| ၁၉၁ | YANG BROTHERS NATIONAL CO., LTD. | Daw Thaw Tar Zin | Oo Yin Lane/ University Avenue Road, No.35/B Bahan Township, Yangon | 12/MAYAKA(N)138825 |
| | | U Aung Kyaw Tun | | 12/MAYAKA(N)127841 |
| | | U Pyae Phyo Naing Tun | | 12/MAYAKA(N)138826 |
| ၁၉၂ | YE YINT NADI COMPANY LIMITED. | U Khon Aung Naing Win | No 15 Quat Thit 3 Street Pauk Chaung Ward Meikhtilar Township, Mandalay | 3/BAAHNA(N)204594 |
| | | U Saw Shwe Tun | | 3/MAWATA(N)070108 |
| ၁၉၃ | YON HUA COMPANY LIMITED. | KANG, YARONG | Yoma Yeik Thar Street,No.27, Kyan Sit Ther Industrial Zone, Dagon Myhothit (South) Township, Yangon | E44985811 |
| | | Daw Lu Lu Aung | | 1/MAKATA(N)129961 |

| | | | | |
|---|---|---|---|---|
| ၁၉၄ | YONE LWE AGRICULTURE DEVELOPMENT COMPANY LIMITED. | MR. CHEN, CHIA-HUNG | (71) Street, Bet; (32 & 33) Street, No.(48), Block (744) Yan Myo Lone Quarter, Chanayetharsan Township, Mandalay | 314917952 |
| | | U Kyi Hote | | 1/MAKATA(AEI)000650 |
| ၁၉၅ | ZARNI CHIN TRADING CO., LTD. | U Khin Maung (A) Nasir Ahmed | Sein & Mya Condo, Upper Pansoden Road, No.84–B, 9th Floor Mingalar Taung Nyunt Township, Yangon | 12/KATATA(N)022955 |
| | | U Oo Shwe Maung | | 12/MAGATA(N)079202 |
| | | U Zayyar Thein | | 12/MAGATA(N)032999 |
| ၁၉၆ | ZAY YAR TUN TRADING COMPANY LIMITED. | Daw Thuzar Hlaing | Dawna Street, No.(KA/94), No.(1) Quarter, Myawaddy Township, Kayin State | 3/BAAHNA(N)001866 |
| | | U Tun Hlaing | | 3/BAAHNA(N)053806 |
| | | U Zayar Tun | | 3/BAAHNA(PHU)001865 |
| ၁၉၇ | ZWE THARA PHU COMPANY LIMITED. | Daw Aye Sandar Min | Bogyoke Street, No(115), No.(4) Ward Myawaddy Township, Kayin State | 14/PATANA(N)170170 |
| | | U Nyi Min Htike | | 7/KATAKHA(N)179162 |

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတက်ရောက်

**မုံရွာ ဇူလိုင် ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ဆန်ရိက္ခာ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ နှစ်(၇၀၀)ပြည့် ပြည်သူ့အားကစားကွင်း အတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။




**ထောက်ပံ့ပေးအပ်**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးမှူးထံ စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူ ၂၁၂၅၀ နှင့် ဝန်ထမ်း/မိသားစု ၆၀၀၇ ဦး စုစုပေါင်း ၂၇၂၅၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၄၉၀၃၄၈၁၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါအားကစားရုံအတွင်း စစ်ကိုင်းမြို့ ဇေယျာရပ်ကွက်မှ အိမ်ထောင်စု ၄၈၄ စုမှ ငလျင်ဘေးသင့်ပြည်သူ ၂၃၃၃ ဦးအား ဆန်ရိက္ခာများ ခွဲဝေပေးနေမှုများကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ မဟာစည်းခုံကြီး စေတီတော်မြတ်ကြီး၌ ငလျင်ဘေးသင့်ပြည်သူများအား ဆန်ရိက္ခာများ ဖြန့်ဝေပေးနေမှုကိုလည်းကောင်း ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် စစ်ကိုင်းမြို့ ရောဝတီတံတား(ရတနာပုံ)နှင့် ကံတလူဂိတ်တို့ရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့ဝင်မြို့ထွက် လုံခြုံရေးဂိတ်များတွင် ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များကို တရားမဝင် ငွေကြေးကောက်ခံမှုများမရှိစေရေး၊ တရားမဝင် ကုန်ပစ္စည်းတင်ဆောင်မှုများမရှိစေရေးနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တွေ့ဆုံပွဲသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စစ်ကိုင်းမြို့ဝင် ရောဝတီတံတား(ရတနာပုံ)ရှိ တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဂိတ်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုံခြုံရေးကိစ္စရပ်ဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ တန် ၂၀ အထက် ကုန်တင်ကားကြီးများနှင့် တွဲကားကြီးများ ဖြတ်သန်းသွားလာမှု အဆင်ပြေစေရန်အတွက် ဇက်ကူးတို့များဖြင့် သယ်ယူပို့ဆောင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးငလျင်ကြီးကြောင့် တိုက်ပိတိုက်ပြားပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများကို ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၅**

မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများတွင် တိုက်ပိတိုက်ပြားပျက်စီးခဲ့ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်မှ ထောက်ပံ့ပေးအပ်သည့် အိမ်သုံးပစ္စည်းများကို ယမန်နေ့က သက်ဆိုင်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့သည့် Sharp နှင့် Hisense ရေခဲသေတ္တာ ၁၅ လုံး၊ Hisense 32" TV ၁၅ လုံး၊ Alpha ထမင်းပေါင်းအိုး ၁၅ လုံး၊ panda လျှပ်စစ်ရေနွေးအိုး ၁၅ လုံး၊ penzil လျှပ်စစ်ဟင်းချက်အိုး ၁၅ လုံးနှင့် Samsonic လျှပ်စစ်မီးပူ ၁၅ လုံးတို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအမှတ်(၂၆) ယာယီစခန်းရှိ ဝန်ကြီးရုံး ဝန်ထမ်းမိသားစုများ၊ ဆည်မြောင်းနှင့် ရေသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ယာယီစခန်းရှိ စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းမိသားစုများ စုစုပေါင်းမိသားစု ၂၈ စုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက လက်ဝယ်အရောက် လိုက်လံပေးအပ်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# ကျေးလက်လမ်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ညောင်ဦးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၁၉ ဒသမ ၆၄၈ သန်းဖြင့် တောင်ပုံဝ-လက်ဝဲလမ်း လမ်းအရှည်နှစ်ဖာလုံ၊အကျယ် ၁၂ ပေ၊ ဒု ၁၅ လက်မ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၁၇၉ ဒသမ ၄၇၃ သန်းဖြင့် ဆောင်ရွက်နေသည့် တောင်ရှေ့ရွာအဝင်လမ်း



လမ်းအရှည့် ၃ဖာလုံ၊ အကျယ်၁၂ပေ၊ ဒု ၁၅ လက်မ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

**ဒီပါလင်း**

# စလင်းမြို့နယ်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**စလင်း ဇူလိုင် ၅**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဖောင်းလင်းကျေးရွာအုပ်စု ငွေတောင်ကျေးရွာတွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်သစ်တောဦးစီးဌာန၏ အစီအစဉ်ဖြင့် ကျင်းပသည်။

ဦးစွာ စုပေါင်းစိုက်ပျိုးမည့်ပျိုးပင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသီဟဇော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပျိုးပင်များပေးအပ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးဝင်းဇော်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများစုစုပေါင်း ၁၄၇ ဦးတို့က ကျွန်းပင် ၂၀၀၊ မဲဇလီပင် ၂၀၀၊ တမာပင် ၂၀၀ စုစုပေါင်း ပျိုးပင် ၆၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မောင်လွင်(စလင်း)**



# ရေတာရှည်မြို့၌ အဘိုး အဘွားများအား တစ်ရက်စာအာဟာရဒါန ကျွေးမွေး




**ရေတာရှည် ဇူလိုင် ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေတာရှည်မြို့ ဘိုးဘွားရိပ်သာတွင် အဘိုးအဘွားများအား တစ်ရက်စာအာဟာရဒါန ကျွေးမွေးခြင်းအခမ်းအနားကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ ဘိုးဘွားရိပ်သာတွင် အဘိုး အဘွားများအား တစ်ရက်စာ အာဟာရဒါန ကျွေးမွေးလှူဒါန်းခြင်းကို ရေတာရှည်မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်သန်းဦးနှင့် ဝန်ထမ်းများ စုပေါင်း၍ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမေရိကန်အစိုးရက အခွန်ကောက်ခံမှုနှုန်းထားများဖော်ပြသည့် ပေးစာများကို ကုန်သွယ်ဖက်နိုင်ငံများသို့ ပေးပို့မည်




ဝါရှင်တန်  ဇူလိုင်  ၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ အစိုးရအဖွဲ့သည် နိုင်ငံများသို့ ၎င်းတို့ပေးဆောင်ရမည့် အကောက်ခွန်နှုန်းထားများကို မကြာမီ အသိပေးစာများ စတင်ပေးပို့မည်ဖြစ်ကြောင်း ပြောကြားသည်။

မည်သည့်နိုင်ငံများကို အဆိုပါပေးစာများ အရင်ဆုံးပို့ဆောင်သွားမည်လဲဆိုသည်ကို ဒေါ်နယ်ထရမ့်က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

အကောက်ခွန်နှုန်းထားသည် ၆၀ ရာခိုင်နှုန်း သို့မဟုတ် ၇၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းအထိ ရှိမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

နိုင်ငံများအနေဖြင့် ဩဂုတ် ၁ ရက်တွင် အခွန်ငွေများ စတင်ပေးဆောင်မည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

အမေရိကန်နှင့် သဘောတူညီချက်များရယူရန် ညှိနှိုင်းရန်လိုအပ်သည့် နိုင်ငံပေါင်း ၁၇၀ ကျော်ရှိကြောင်းနှင့် အဆိုပါသဘောတူညီချက်များသည် အလွန်ရှုပ်ထွေးကြောင်းလည်း ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အမေရိကန်အစိုးရ၏ အပြန်အလှန်အခွန်စည်းကြပ်မှု ခေတ္တရပ်ဆိုင်းထားမှုသည် ဇူလိုင် ၉ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

အဆိုပါသတ်မှတ်ရက်တွင် ဒေါ်နယ်ထရမ့်အနေဖြင့် အခွန်ကောက်ခံမှုနှင့်ပတ်သက်ပြီး မည်သို့ကိုင်တွယ်ဆောင်ရွက်မည်လဲဆိုသည်ကို ကမ္ဘာတစ်ဝန်းရှိ အမေရိကန်၏ ကုန်သွယ်ဖက်နိုင်ငံများက စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ၏ နိုင်ငံခြားအကူအညီပေးရေးအစီအစဉ်များကို တရားဝင်ရပ်ဆိုင်း

ဝါရှင်တန်  ဇူလိုင်  ၅

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) သည် ၎င်း၏ နိုင်ငံခြားအကူအညီပေးရေးအစီအစဉ်များကို တရားဝင်ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုက ယမန်နေ့တွင် ပြောကြားသည်။



အမေရိကန်နိုင်ငံ၏ နိုင်ငံခြားအကူအညီများ တရားဝင်ရပ်ဆိုင်းမှုသည် ဇူလိုင် ၁ ရက်တွင် စတင်အသက်ဝင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်တွေ ပြည့်မီရန် စွမ်းဆောင်နိုင်ခြင်းမရှိသည့်အပြင် အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ်များလည်း ပိုမိုကြီးထွားလာကြောင်း မာကိုရူဘီယိုက ဝေဖန်ပြောကြားသည်။

အမေရိကန်အစိုးရ၏ အုပ်ချုပ်ရေးမူဝါဒများနှင့် ကိုက်ညီပြီး အမေရိကန် အကျိုးစီးပွားကို တိုးတက်စေမည့် နိုင်ငံခြားအကူအညီ အစီအစဉ်များကို နိုင်ငံခြားရေးဌာနက စီမံခန့်ခွဲသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီသည် သမ္မတ ဒေါ်နယ်ထရမ့် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် စတင်တည်ထောင်ခဲ့သည့် အစိုးရစွမ်းဆောင်ရည်ဌာန၏ ဝန်ထမ်းလျှော့ချခြင်းနှင့် လုပ်ငန်းအစီအစဉ်များ ပြန်လည်သုံးသပ်ခြင်းတို့အတွက် စောင့်ကြည့်ခံအေဂျင်စီတစ်ခုဖြစ်လာခဲ့သည်။

အေဂျင်စီကို ရပ်ဆိုင်းခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများအပေါ် ဆိုးရွားစွာထိခိုက်စေမည်ကို စိုးရိမ်မှုများ ကြီးထွားလျက်ရှိသည်။

အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီအား ရန်ပုံငွေဖြတ်တောက်မှုကြောင့် ၂၀၃၀ ပြည့်နှစ်တွင် နောက်ထပ် သေဆုံးသူ ၁၄ သန်းကျော်ရှိလာနိုင်ကြောင်း ဆေးပညာဂျာနယ် The Lancet က ခန့်မှန်းထားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

# အမေရိကန်တောင်ပိုင်း တက္ကဆက်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အနည်းဆုံး ၂၄ ဦး သေဆုံး

ဝါရှင်တန် ဇူလိုင် ၅

အမေရိကန်တောင်ပိုင်း တက္ကဆက်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် အနည်းဆုံး ၂၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်များက ပြောသည်။

ဇူလိုင် ၄ ရက် အစောပိုင်းတွင် ရွာသွန်းခဲ့သည့် မိုးကြောင့် ဂွါဒါလူပီမြစ်တစ်လျှောက်ရှိ ဒေသများကို ရေလွှမ်းမိုးမှုဖြစ်ပေါ်စေခဲ့သည်။

သေဆုံးသူများထဲတွင် ကလေးငယ်များ ပါဝင်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ ထို့ပြင် နွေရာသီစခန်းတစ်ခုတွင် တက်ရောက်နေသည့် မိန်းကလေးငယ် ၂၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်းလည်း တက္ကဆက်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဒန်ပက်ထရစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ကယ်ဆယ်ရေးဆိုင်ရာ နည်းလမ်းများကို အသုံးပြုနေကြောင်း ၎င်းက ပြောကြားသည်။

မြစ်ရေလျှံမှုနှင့် ရေမြုပ်နေသည့် လမ်းမများအပြင် လူနေအိမ်များအတွင်း ရွှံ့ရေများ ပြည့်လျှံနေကြောင်း မှတ်တမ်းဗီဒီယိုများတွင် တွေ့မြင်နိုင်သည်။ ရေကြီးရေလျှံမှုသည် ကြိုတင်ခန့်မှန်း၍မရနိုင်သည့်အတွက် ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အချိန်မီသတိပေးချက်ထုတ်ပြန်နိုင်ခြင်းမရှိကြောင်း အာဏာပိုင်များက ပြောသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# ဂါဇာအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆိုပြုချက်အပေါ် ဟားမတ်စ်အဖွဲ့၏ တုံ့ပြန်မှုကို ဒေါ်နယ်ထရမ့် မျှော်လင့်လျက်ရှိ

ဂါဇာစီးတီး ဇူလိုင် ၅

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အမေရိကန်၏ အဆိုပြုချက်အပေါ် ဟားမတ်စ်အဖွဲ့၏ တုံ့ပြန်မှုကို မျှော်လင့်လျက်ရှိကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယနေ့ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးကို ဟားမတ်စ်အဖွဲ့က အပြုသဘောဆောင်သောအမြင်ဖြင့် ရှုမြင်ကြောင်း မီဒီယာများကလည်း သတင်းဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို ဟားမတ်စ်အဖွဲ့က လက်ခံခြင်းရှိ၊ မရှိကိုမူ မကြာမီ သိရှိရမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ သဘောတူညီချက်တွင် အသက်ရှင်ကျန်ရစ်သော ဓားစာခံ ၁၀ ဦးကို လွှတ်ပေးရန်နှင့် ရုပ်အလောင်း ၁၈ လောင်းကို အစ္စရေးသို့ အဆင့်ဆင့်ပြန်ပို့ရန် ပါရှိသည်။ ထို့ပြင် ရက် ၆၀ အပစ်အခတ်ရပ်စဲရေးကိုလည်း တောင်းဆိုထားကြောင်း မီဒီယာအများအပြားက သတင်းဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေးကာလအတွင်း ဆွေးနွေးပွဲများပြုလုပ်ပြီး ပဋိပက္ခများအဆုံးသတ်ရန် ကြိုးပမ်းသင့်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

ယင်းအဆိုပြုချက်ကို အစ္စရေးက သဘောတူကြောင်း ဒေါ်နယ်ထရမ့်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

ဟားမတ်စ်အဖွဲ့အနေဖြင့် အပြုသဘောဆောင်သည့် တုံ့ပြန်မှုပြုလုပ်မည်ဆိုပါက သဘောတူညီချက်ကို ပိုမိုခိုင်မာစေရန်အတွက် အစ္စရေးကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က တိုက်ရိုက်မဟုတ်သည့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

ဂါဇာကမ်းမြောင်ဒေသသို့ အကူအညီများ စီးဆင်းရန်နှင့် အစ္စရေးတပ်ဖွဲ့ဝင်များ ဆုတ်ခွာနိုင်ခြေရှိသည့်အတွက် ဟားမတ်စ်က အမေရိကန်၏ အဆိုပြုချက်ကို လက်ခံနိုင်ဖွယ်ရှိကြောင်း ဆော်ဒီမီဒီယာတစ်ခုက ယနေ့သတင်းတွင် ဖော်ပြသည်။

ယခုအပစ်အခတ်ရပ်စဲရေးသည် ဟားမတ်စ်အဖွဲ့အား အပြီးတိုင်ချေမှုန်းမည်ဟုကြွေးကြော်ခဲ့သည့် အစ္စရေးတပ်ဖွဲ့နှင့် ရန်လိုမှုများ အပြီးတိုင်အဆုံးသတ်သွားမည်ဖြစ်သည့်အတွက် ယခုသဘောတူညီမှုကို ဟားမတ်စ်အဖွဲ့က မည်သို့တုံ့ပြန်မည်လဲဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# တရုတ်လျှပ်စစ်ကား ကုမ္ပဏီကြီး BYD က ဘရာဇီးနိုင်ငံ၌ ကားထုတ်လုပ်မှုများ မကြာမီစတင်မည်

ပေကျင်း ဇူလိုင် ၅

တရုတ်လျှပ်စစ်ကားကုမ္ပဏီကြီး BYD က ဘရာဇီးနိုင်ငံရှိ ၎င်း၏စက်ရုံတွင် လျှပ်စစ်ကားအမျိုးအစားပေါင်းများစွာကို လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

BYD လျှပ်စစ်ကားကုမ္ပဏီသည် ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ဘာဟီယာပြည်နယ်တွင် တည်ရှိပြီး ဇူလိုင် ၁ ရက်တွင် မီဒီယာများသို့ စတင်မိတ်ဆက်ပြသခဲ့သည်။

အဆိုပါစက်ရုံသည် တောင်အမေရိကတွင် BYD လျှပ်စစ်ကားကုမ္ပဏီ၏ ပထမဆုံးသော စက်ရုံတစ်ခုဖြစ်သည်။

ယင်းစက်ရုံတွင် နှစ်စဉ် ကားအစီးရေ ၁၅၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အနာဂတ်တွင် နှစ်ဆတိုးရန် စီစဉ်ထားကြောင်း ကုမ္ပဏီက ပြောကြားသည်။

ကုမ္ပဏီအနေဖြင့် ဘရာဇီးနိုင်ငံ၌ ဒေသတွင်းစီးပွားရေးအတွက် ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း BYD မှ တာဝန်ရှိသူတစ်ဦးက အလေးပေးပြောကြားသည်။

ဘာဟီယာပြည်နယ်ကို တောင်အမေရိက၏ ဆီလီကွန်တောင်ကြားဖြစ်လာစေရန် လုပ်ဆောင်နေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အလားတူ အခြားသော တရုတ်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီများကလည်း ဘရာဇီးဈေးကွက်သို့ ဝင်ရောက်လာကြသည်။ ဥရောပနှင့် ဂျပန်ကားထုတ်လုပ်ရေးကုမ္ပဏီများ၏ပြိုင်ဆိုင်မှုသည် ပိုမိုပြင်းထန်လာဖွယ်ရှိသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နမ့်စန်မြို့နယ် နမ့်စန်ကျေးရွာအုပ်စု နောင်ခမ်းကျေးရွာရှိ ဂိုဒေါင်အမှတ်(၂၈၄-နောင်ခမ်း)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၆ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုး စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၄၄၆၃၆၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ သိမ်းဆည်းရရှိမှု။

ထို့ပြင် ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမီးပွိုင့်အကျော် Petro Star စက်သုံးဆီဆိုင်အနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၄၁၅၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Super Mandalar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Renault B Premium Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးတိုင်းဂိတ်အနီး၌ မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၂၉၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၆၀၀၃၅၆)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ THAI Airways လေယာဉ်ခရီးစဉ်အမှတ် TG-303/ SF - 6254 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် ဂျပန်နိုင်ငံသားခရီးသည် တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၆၄၅၅၅၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၄ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာနှင့် ကျခတ်ငူကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မှ ရန်ကုန်သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမှ ရန်ကုန်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilace တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၃၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၄ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ယာဉ် ၁၀ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၆၉ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၃၄၉၁၅၆)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍ လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို




ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

**ဖမ်းဆီးရမိမှု ၆၁ ကြိမ်**

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ဇွန်လအတွင်း သတင်းရရှိမှု ၆၇ ကြိမ် ရရှိခဲ့ပြီး၊ သတင်းမှား လေးကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု သတင်းမှန် ၆၁ ကြိမ် ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၁၀၀ ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၇ မျိုးအပါအဝင် ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၆၉၆ ဒသမ ၉၂၈ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် ယာဉ်များအပါအဝင် လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိခဲ့သည်။

ဇွန်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၉၆ ဒသမ ၉၂၈ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၉၃၉ ဒသမ ၃၈၅ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်း နံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Moe Thet”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ပေါမိုင်းရပ်ကွက်နေ စိုးဝင်းကိုအား ည ၁၀ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ ဇူလိုင် ၄ ရက်တွင် “8/မကွေးသားလေး” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မန်ကျီးကိုင်းကျေးရွာနေ မြင့်သူထွေးအား နံနက် ၉ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ချမှတ်

နေပြည်တော် ဇူလိုင် ၅

အမျိုးသမီးများကို တရုတ်ယောက်ျားယူရန် ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တန့်ယန်းမြို့နေ မ-----၊ ၂၅/၂၀၂၅ နှစ်နှင့် မ-----၊ ၁၆/၂၀၂၅ နှစ်တို့ ညီအစ်မ နှစ်ဦးကို တန့်ယန်းမြို့နယ် လုံပုန်းအုပ်စု ကုန်ဆာကျေးရွာနေ မနန်းခမ်းလီက တရုတ်ယောက်ျားယူလျှင် တရုတ်ငွေယွမ် ၃၅၀၀၀ (မြန်မာငွေကျပ် သိန်း ၂၁၀ ခန့်)ရမည်၊ ချမ်းချမ်းသာသာ နေရမည်၊ တရုတ်ယောက်ျားက ရွှေငွေများ ဆင်ပေးမည်၊ တရုတ်ယောက်ျားအား ဆက်လက်မပေါင်းသင်းလိုပါက ကလေးတစ်ဦးမွေးပြီးလျှင် ပြန်လာ၍ရသည်ဟု စည်းရုံးပြောဆို၍ ပန်းဆန်းမြို့နေ မအေးပီးနေအိမ်သို့ ပို့ဆောင်ခဲ့သည်။

၎င်းတို့ညီအစ်မနှစ်ဦးသည် မအေးပီး၏နေအိမ်တွင် လာရောက်ခေါ်ဆောင်မည့် တရုတ်ယောက်ျားများကို စောင့်ဆိုင်းနေစဉ် တရုတ်ယောက်ျားယူရန် ဆန္ဒမရှိတော့၍ တန့်ယန်းမြို့သို့ ထွက်ပြေးလာခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် စားဝတ်နေရေးအခက်အခဲကို အကြောင်းပြကာ တရုတ်ယောက်ျားယူရန် စည်းရုံးပြောဆိုပြီး ငွေကြေးခေါင်းပုံဖြတ်ရယူရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည့် မနန်းခမ်းလီနှင့် မအေးပီးတို့ကို တန့်ယန်းမြို့မရဲစခန်း (ပ)၅/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ပို့ပြီး ၂၀၂၅ ခုနှစ် ဇွန် ၄ ရက်တွင် တန့်ယန်းခရိုင်တရားရုံးမှ တရားခံ မနန်းခမ်းလီကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မအေးပီးအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ ရှင်ပင်နန်းဦးစေတီတွင် ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးနောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့်တိုင်များ ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၅**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ ဝေဠုဝန်ငါးထပ်ကြီးဘုရား၊ ဘုရားဖြူစေတီ၊ ဇိနမာရ်အောင် လောကချမ်းသာကြေးဘုရားကြီးနှင့် ရွှေစေတီဘာသန္တရသင်တန်းကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်ပင်နန်းဦးစေတီအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မဟိယင်္ဂဏစေတီအား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ရှိအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဗေယျာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောင်းအုတ်တံတိုင်းနံရံများအား ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ အပျက်အစီးများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး စမြင်နေရာများအား ယာယီဒေါက်တိုင်ထောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ ဘုရားကြီး၏နောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့်တိုင်များ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဘုရားကြီးအနောက်ဘက်စောင်းတန်းနှင့် တောင်ဘက်စောင်းတန်းရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများ၊ ဘုရားကြီးကျောက်စာတိုက်နေရာ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ အသစ်ပြန်လည်တင်လှူမည့် စိန်ဖူးတော်ပြုလုပ်ပြီးစီးမှုအခြေအနေများနှင့် ဂန္ဓကုဋိတိုက်အတွင်းပိုင်း ကြံခိုင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဘုရားကြီးရှင်းလင်းဆောင်၌ ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မဟာအောင်မြေမြို့နယ် ဟေမမာလာတောင်ရပ်ကွက်သို့ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှား ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပုသိမ်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများ ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး ဇူလိုင် ၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်များကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အဆိုပါကြေညာချက်များ ချိတ်ဆွဲထားခြင်းများကို ဇူလိုင် ၃ ရက် မွန်းလွဲ ၃ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ယင်းသို့ စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းကျော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက မြို့နယ်အတွင်းရှိဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသော ကြေညာချက်ဗီနိုင်းများကို ပြည်သူများ သိရှိစေနိုင်ရေးထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဒလမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများကို ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၅**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြေညာချက်နှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရေး အသိပေးကြေညာချက်ဗီနိုင်း ချိတ်ဆွဲခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်မြတ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းလှိုင်တို့ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဒလမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ အခွန်အမှတ်တံဆိပ်ပြေစာများဆိုင်ရာအသိပေးမှုများကို လိုက်လံစစ်ဆေး

**ဟင်္သာတ ဇူလိုင် ၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်စေရေးနှင့် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော အသိပေးကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် ဆိုင်များတွင် ချိတ်ဆွဲထားခြင်းရှိ၊ မရှိတို့ကို ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ဟင်္သာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်နော်ခူးဝါးဖောနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသန်းကျော်ဌေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

# ပညာတတ်လူငယ်များနှင့် တိုင်းပြည်အနာဂတ်

**ဝင်းဇင်(သုတေသန)**

ပညာရေးသည် လူတစ်ဦး၏ဘဝတိုးတက်အောင်မြင်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ ပညာရေးသည် လူတစ်ဦးကျွမ်းကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ငယ်စဉ်ကတည်းက ပုံမှန်ပညာရေးကို စဉ်ဆက်မပြတ်သင်ယူခဲ့သော လူငယ်များသည် နေ့စဉ်လူနေမှုဘဝကို မကြောင့်မကြမတောင့်မတဖြင့် ဖြတ်သန်းရလေ့ရှိကြသည်။ ပညာရဲရင့်ပွဲလယ်တင့်ဆိုသည့်အတိုင်း အသိပညာနှင့် အတတ်ပညာရှိသူများသည် သူတစ်ပါးလိမ်လည်လှည့်ဖြားခံရမှု အလားအလာနည်းပါးလျက်ရှိသည်။

**❝ တိုင်းပြည်အတွင်း ဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ပညာရေးအားနည်းသည့်ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အတန်းပညာတတ်မြောက်မှု အားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှု အားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေသည်။ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရန်လိုအပ် ❞**

အထူးသဖြင့် ပုံမှန်ပညာရေးကို ဆုံးခန်းတိုင်အောင်သင်ကြားနိုင်ခြင်းသည် လူတစ်ဦး၏ဘဝတိုးတက်ရေးအတွက် များစွာအခရာကျလျက်ရှိသည်။ ပညာတတ်လူငယ်များပြားသော တိုင်းပြည်သည် တိုးတက်မှုဆီသို့သာ ဦးတည်စေမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံတိုင်းသည် ပညာရေးနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံသည်လည်း ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ပညာရေးကဏ္ဍအတွက် ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ လူငယ်များပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်ရရှိရေးအတွက် အစိုးရပိုင်းက အခမဲ့ပညာရေးစနစ်များဖော်ဆောင်ပေးနေသလို မိဘအုပ်ထိန်းသူများကလည်း သား သမီးများ စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ထိန်းကျောင်းကြပ်မတ်ပေးသွားရန် လိုအပ်ပေသည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်ကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ၏ ပညာတတ်မြောက်မှုသည် ထိုတိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအခရာကျလျက်ရှိသည်။

**လူမဆန်သောလုပ်ရပ်များ**

သို့သော် NUG နှင့် PDF အကြမ်းဖက်သမားများသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီစတင်ချိန်မှာပင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကုန်းဘုရား(ညောင်ပင်ကန်) ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ ခင်ပွန်းတို့ကို သတ်ဖြတ်ခြင်း၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဝက်ချုပ်ကျေးရွာတွင် အလယ်တန်းပြဆရာမတစ်ဦးနှင့် ၎င်း၏ခင်ပွန်းတို့ကို သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လူမဆန်စွာလုပ်ဆောင်ခဲ့ကြသည်။

အကြမ်းဖက်သမားများအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇွန်လ ၆ ရက်နေ့အထိ ပညာရေးဝန်ထမ်းများအား အကြမ်းဖက်ကျူးလွန်မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ပညာရေးဝန်ထမ်းသေဆုံးသူ ၈၀ ၊ ဒဏ်ရာရရှိသူ ၃၅ ဦး ရှိပြီဖြစ်သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ လူမဆန်သောလုပ်ရပ်များကြောင့် နိုင်ငံသားများ၏ အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့်နှင့် တည်ငြိမ်အေးချမ်းမှုရရှိခံစားခွင့် စသည့်အခြေခံလူ့အခွင့်အရေးများကို ထိခိုက်စေလျက်ရှိသည်။

ငြိမ်းချမ်းစွာ ပညာသင်ယူခွင့် ရရှိခံစားနိုင်ရေးအတွက် အဓိကတာဝန်ယူ ဖော်ဆောင်ပေးနေသော ဆရာ ဆရာမများအပါအဝင် ကျောင်းသား ကျောင်းသူများ၊ စာသင်ကျောင်းများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ရန်ရှာဖမ်းဆီးခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေခြင်းတို့သည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်နှင့် ပညာသင်ယူခွင့်အခွင့်အရေးတို့ကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။

"နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရေး" အလေးအနက်အသိအမှတ်ပြုကာ ပညာရေးနယ်ပယ်အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားလူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

**❝ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထို့ကြောင့် အစိုးရများအနေဖြင့် ပညာရေးကဏ္ဍအတွက် ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံလေ့ရှိကြသည်။ လူငယ်များပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်ရရှိရေးအတွက် အစိုးရပိုင်းက အခမဲ့ပညာရေးစနစ်များ ဖော်ဆောင်ပေးနေသလို မိဘအုပ်ထိန်းသူများကလည်း သားသမီးများ စာသင်ခန်းအတွင်း ရောက်ရှိရေးအတွက် ထိန်းကျောင်းကြပ်မတ်ပေးသွားရန် လိုအပ် ❞**

ဆိုရလျှင် တိုင်းပြည်အတွင်း ဖြစ်ပွားလျက်ရှိသည့် မတည်ငြိမ်မှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ပညာရေးအားနည်းသည့် ဒေသများ၌ ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အတန်းပညာတတ်မြောက်မှု အားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှု အားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေသည်။ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့သင်ကြားပေးနေရသည့် ကလေးငယ်များအား အတန်းပညာသင်ကြားပေးခြင်းအပြင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ခွဲခြားသိမြင်နိုင်စွမ်းရှိစေမည့် အသိပညာနှင့် အတွေးအမြင်များကို သင်ကြားပေးရန်လိုအပ်သည်။

အထူးသဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန် အရေးကြီးပါသည်။ သို့မှသာ ကျောင်းသား ကျောင်းသူများ သုတ၊ ရသစာပေများ ဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ အတတ်ပညာများတိုးပွားလာပြီး ၎င်းတို့ဘဝအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ အတန်းပညာကို သင်ကြားမှုမှရရှိသကဲ့သို့ အသိပညာကို စာအုပ်စာပေများဖတ်ရှုခြင်းမှလည်း ရရှိနိုင်ပါသည်။

အလားတူ ကလေးငယ်များကို သင်ကြားလေ့ကျင့်ပေးရသည့်သူများဖြစ်သည့် ဆရာ ဆရာမများအနေဖြင့်လည်း အသိပညာများပြည့်ဝစေရေး စာပေဖတ်မှတ်လေ့လာခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရပါမည်။ ဆရာ ဆရာမများအနေဖြင့် မိမိတို့တာဝန်ယူထားရသည့် ဘာသာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ သင်ကြားလေ့ကျင့်ပေးနိုင်ရန် လိုအပ်သကဲ့သို့ မိမိတို့ကြုံတွေ့ခဲ့ရသည့် ဘဝ အတွေ့အကြုံများ၊ စာပေဖတ်ရှုခြင်းမှရရှိခဲ့သည့် အသိအမြင်များကိုလည်း ကလေးငယ်များကို မျှဝေပေးရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ပေးနိုင်မှသာလျှင် တိုင်းပြည်၏အနာဂတ်ကို ဦးဆောင်ကြမည့် အနာဂတ်မျိုးဆက်သစ်လူသားအရင်းအမြစ်ကောင်းများကို ပိုမိုမွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

**အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေး**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဇွန်လ ၁၁ ရက်နေ့တွင် ပြင်ဦးလွင်မြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိစဉ် ကျောင်းစုံညီခန်းမ၌ ဆရာ ဆရာမများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသည့်အတိုင်း ကျောင်းသား ကျောင်းသူများ၏ အတန်းပညာတတ်မြောက်ရေးအပြင် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးအတွက်ကိုလည်း သင်ကြားရေး တာဝန်ယူထားရသည့် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရင်းကောက်ယူထားရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအားပေးမြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲဖြစ်ပြီး လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ ပညာရေးအားနည်းလျက်ရှိနေကြောင်း၊ ကလေးငယ်များအားမိဘများအနေဖြင့် သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့်အချိန်များသဖြင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကို ပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝမနေဖူးသူများအနေဖြင့် ဆရာ ဆရာမများ၏ သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာ သင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ မြင့်မားစေရေးတို့အတွက်လည်း ဆရာ ဆရာမများအနေဖြင့် စနစ်တကျ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေး စိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးကြောင်း" တိုက်တွန်းပြောကြားခဲ့သည်။

ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကို ဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ထိုသို့ရင်းနှီးမြှုပ်နှံရာတွင် နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် များစွာအရေးပါလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များ ပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကြီးကို တိုးတက်အောင်ထူထောင်နိုင်မည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များ အနေဖြင့်လည်း တိုးတက်အောင်မြင်သော ဘဝပိုင်ဆိုင်နိုင်ရေးအတွက် ငယ်စဉ်ကတည်းက ပညာရေးတွင် အပတ်တကုတ်ကြိုးပမ်းသွားရန် လိုအပ်သည်။ ပညာသင်ယူသည့်အရွယ်တွင် အင်္ဂလိပ်စာ၊ ကွန်ပျူတာအပါအဝင် ပညာရပ်တစ်ခုခုကို စဉ်ဆက်မပြတ် လေ့လာသင်ယူနေရန် လိုအပ်ပေသည်။ ပြိုင်ဆိုင်မှုပြင်းထန်သောခေတ်ကြီးတွင် လေ့လာသင်ယူမှုရပ်တန့်လိုက်သောသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်ခဲ့ရမည်ဖြစ်သည်။

အလားတူ မိဘအုပ်ထိန်းသူများကလည်း မိမိသားသမီးများ ပညာထူးချွန်ကာ လူတော်လူကောင်းများဖြစ်လာရေးအတွက် စနစ်တကျ မြေတောင်မြှောက်ပေးရန်လိုအပ်သည်။ သားသမီးများကို မိမိထက်ထူးချွန်အောင် ပြုစုပျိုးထောင်ပေးနိုင်မှသာလျှင် မိဘဝတ္တရားကျေပွန်မည်ဖြစ်သည်။ မျိုးဆက်သစ်များ ပညာထူးချွန်ရေးအတွက် ကျွမ်းကျင်သော ဆရာ ဆရာမများ လိုအပ်သလို သင်ထောက်ကူပစ္စည်းများလည်း လိုအပ်သည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်ကို တိုးတက်အောင် ပုံဖော်တည်ဆောက်မည့် မျိုးဆက်သစ်လူငယ်များ အေးချမ်းစွာပညာသင်ယူနိုင်ရေး၊ ပညာထူးချွန်ပြီး လူတော်လူကောင်းများ ဖြစ်လာရေးအတွက် ဝိုင်းဝန်းပြုစု မြေတောင်မြှောက်ပေးကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။ ။

**ကိုးကား။ ။ နေ့စဉ်ထုတ်သတင်းစာများ။**

**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း**



**အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း**




## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး(၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ❖ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗဟန်းမြို့နယ် နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀) မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကိုတိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ❖ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ❖ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ❖ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ❖ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ❖ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့် အညီ လိုက်နာဆောင်ရွက်ရန်။
- ❖ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆) ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ❖ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ❖ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# ဆလုံတိုင်းရင်းသားများ ပင်လယ်ပြင်တွင် ကင်းမွန်အထိအမိကောင်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိ

ရန်ကုန် ဇူလိုင် ၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်နှင့် မြိတ်ခရိုင်အတွင်းရှိ ကျွန်းစုများ၌နေထိုင်ကြသည့် ဆလုံတိုင်းရင်းသားများသည် ပင်လယ်ပြင်တွင် ကင်းမွန်အထိအမိကောင်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ဒီရက်ပိုင်း ရာသီဥတုပြင်းထန်လိုက်၊ ခဏငြိမ်သွားလိုက်နဲ့ ရာသီဥတုအခြေအနေက အပြောင်းအလဲတွေရှိနေပေမယ့် ကျွန်တော်တို့ ဒေသက ဆလုံတိုင်းရင်းသားတွေကတော့ ဒီနှစ်မှာ မနှစ်ကထက် ကင်းမွန်အထိအမိကောင်းပြီးတော့ ဝင်ငွေလည်း ကောင်းကြတယ်”ဟု မကြုံကလက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်အောင်မိုးက ပြောသည်။

ထိုကဲ့သို့ ကင်းမွန်အထိအမိကောင်းသည့်အတွက် ယခုနှစ်တွင် ပြည်တွင်းစားသုံးမှုအတွက်သာမက ပြည်ပဈေးကွက်အထိပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**အများဆုံးနေထိုင်**

တိုင်းဒေသကြီးအတွင်းရှိ မကြုံကလက်၊ လန်ပိကျွန်း၊ လငန်းကျွန်း၊ ညောင်ဝိကျွန်း၊ ဒုံညောင်မှိုင်း၊ ဒုံပုလဲအော်၊ ဇာဒက်ကြီးကျွန်း၊ လင်းလွန်းကျွန်းနှင့် ကံကြီးမော်ကျွန်းတို့တွင် ဆလုံတိုင်းရင်းသားအများဆုံးနေထိုင်ကြပြီး ပင်လယ်အတွင်း ငါးဖမ်းခြင်းနှင့် ရေငုပ်ခြင်းမှရရှိသော ရေထွက်ပစ္စည်းများကို ရောင်းချသောလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်။



ယခု မိုးရာသီကာလသည် ကင်းမွန်မြူးသော ရာသီဖြစ်သည့်အတွက် ဆလုံတိုင်းရင်းသားများသည် ကင်းမွန်ဖမ်းကွက်အနီးရှိ ကျွန်းများတွင် ယာယီရွှေ့ပြောင်းနေထိုင်ကာ ဖမ်းဆီးလေ့ရှိကြောင်း သိရသည်။

**သစ္စာ(MNA)**
**ဓာတ်ပုံ–ဆလုံစာပေနှင့်ယဉ်ကျေးမှုအသင်း**

# တိုက်ကြီးမြို့နယ်၌ မြို့ကွက်တိုင်းတာခြင်းဆိုင်ရာသင်တန်းဆင်းပွဲ ကျင်းပ

တိုက်ကြီး ဇူလိုင် ၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ပြည်သူများ မြေယာပိုင်ဆိုင်မှု ခိုင်မာစေရေးနှင့် မြေငှားဂရန်ရရှိရေးအတွက် ကျေးရွာ/မြို့မြေများ ပြန်လည်တိုင်းတာပေးနိုင်ရေး ရည်ရွယ်၍ တစ်လကြာဖွင့်လှစ်သင်ကြားခဲ့သော Training Course On Town Land Survey No–16 သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး(ကျောင်းအုပ်ကြီး) ဦးသိန်းစိုးမင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား ၈၀ တက်ရောက်ပြီး နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ၊ မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့ရွာရှိ မြေယာလက်စွဲအက်ဥပဒေ၊ မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော်လက်စွဲဥပဒေ၊ ၁၉၃၃ ခုနှစ် မြန်မာနိုင်ငံတော် မြို့ရွာဥပဒေဆင့်ဆိုချက်၊ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ၊ မြို့ကွက်တိုင်းတာရာတွင် မြေပြင်ထိန်းအမှတ်(GCP)နှင့် ချိတ်ဆက်တိုင်းတာသည့် နည်းလမ်းများ၊ Total Station ဖြင့် မြို့ကွက်တိုင်းတာခြင်းနည်းလမ်းများ၊ Geomedia ဖြင့် မြေပုံရေးဆွဲခြင်း၊ Monochrome Plotter ဖြင့် မြေပုံထုတ်ခြင်းနည်းလမ်းများ စသည့်ဘာသာရပ်များကို မိမိတို့မြို့ရွာများတွင် လက်တွေ့ဆောင်ရွက်နိုင်ရေး နည်းပြများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်

ရန်ကုန် ဇူလိုင် ၅

ငလျင်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သဘာဝဘေးကာကွယ်ရေးသရုပ်ပြခြင်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က ငလျင်သဘာဝဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က ငလျင်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ငလျင်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသပြီး ကျောင်းသား ကျောင်းသူများနှင့်အတူ ဆောင်ရန်၊ ရှောင်ရန်လှုပ်ရှားမှုများကို သဏ္ဌာန်တူသရုပ်ပြလက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သန်းသန်းအေး**



❍ **အာဆီယံမှ**

ခြေစစ်ပွဲ မဲခွဲမှုအရ ရှမ်းယူနိုက်တက်(မြန်မာ)နှင့် EZRA (လာအို)၊ ဆီဘူး(ဖိလစ်ပိုင်)နှင့် ကာဆူကာ(ဘရူနိုင်း)တို့ တွေ့ဆုံနေသည်။ ခြေစစ်ပွဲကျင်းပမည့်ရက်ကို အာဆီယံဘောလုံးအဖွဲ့ချုပ်က ထပ်မံထုတ်ပြန်မည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက နောက်ဆုံးအဆင့် အုပ်စု(ခ)သို့ ကျရောက်မည်ဖြစ်ပြီး သက်ဆိုင်ရာလိဂ်ချန်ပီယံအများစုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့် အုပ်စုမဲခွဲမှုအရ အုပ်စု(က)တွင် လက်ရှိချန်ပီယံဘူရီရမ်ယူနိုက်တက်(ထိုင်း)၊ BG ပါသွန်ယူနိုက်တက်(ထိုင်း)၊ ဆီလန်ဂေါ (မလေးရှား)၊ ကောင်အန်ဟန္တိုင်း (ဗီယက်နမ်)၊ တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ခြေစစ်ပွဲတွင် ဆီဘူး(ဖိလစ်ပိုင်)နှင့် ကာဆူကာ(ဘရူနိုင်း)ပွဲမှ အနိုင်ရအသင်း၊ အုပ်စု(ခ)တွင် ဘန်ကောက်ယူနိုက်တက် (ထိုင်း)၊ ဂျိုဟိုဒါရူးလ် (မလေးရှား)၊ နမ်ဒင်း (ဗီယက်နမ်)၊ Lion City Sailors (စင်ကာပူ)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ခြေစစ်ပွဲတွင် ရှမ်းယူနိုက်တက် (မြန်မာ)နှင့် EZRA (လာအို)ပွဲမှ အနိုင်ရအသင်းတို့ ပါဝင်နေသည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။

**ကိုညီလေး**

# နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇူလိုင် ၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် လည်းကောင်း ယနေ့ညမှ ဇူလိုင် ၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။




မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့်ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ်၊ ဇွန်လအတွင်း စခန်း ၃၀ တို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ-၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၅ ခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၅ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ |
| ၃ | ခန္တီး | ၆.၅ |
| ၄ | တောင်ကြီး | ၆.၅ |
| ၅ | မိုင်းဆတ် | ၆.၇ |
| ၆ | ကျိုင်းတုံ | ၇.၀ |
| ၇ | စစ်ကိုင်း | ၆.၅ |
| ၈ | ဟားခါး | ၆.၉ |
| ၉ | ညောင်ဦး | ၆.၇ |
| ၁၀ | မုံရွာ | ၆.၆ |
| ၁၁ | ပျဉ်းမနား | ၆.၆ |
| ၁၂ | ပြင်ဦးလွင် | ၆.၇ |
| ၁၃ | ကလေးဝ | ၆.၈ |
| ၁၄ | ရန်ကုန်(ကမ္ဘာအေး) | ၆.၈ |
| ၁၅ | မှော်ဘီ | ၇.၀ |
| ၁၆ | မကွေး | ၇.၀ |
| ၁၇ | အောင်လံ | ၇.၀ |
| ၁၈ | စစ်တွေ | ၆.၇ |
| ၁၉ | ပြည် | ၆.၆ |
| ၂၀ | ပဲခူး | ၇.၀ |
| ၂၁ | တောင်ငူ | ၇.၀ |
| ၂၂ | ပုသိမ် | ၆.၇ |
| ၂၃ | မအူပင် | ၆.၅ |
| ၂၄ | ဟသ်ာတ | ၆.၉ |
| ၂၅ | မော်လမြိုင် | ၆.၆ |
| ၂၆ | ဘီးလင်း | ၆.၆ |
| ၂၇ | ဘားအံ | ၆.၇ |
| ၂၈ | ထားဝယ် | ၆.၅ |
| ၂၉ | မြိတ် | ၆.၆ |
| ၃၀ | ကော့သောင်း | ၆.၉ |

ပုံ(၁) မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂) ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




# ၂၀၂၅ ခုနှစ် ဇွန်လအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5µg) နှင့်အောက်သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် PM2.5 Monitor စက်တပ်ဆင်၍ လေအရည်အသွေး (PM2.5) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ ၂၉ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် PM2.5 တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဇွန်လ ၂၊ ၃၊ ၄၊ ၅ ရက်နေ့နှင့် ၉ ရက်နေ့တို့သည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate)နှင့် ကျန်ရက်များသည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဇွန်လအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂၄ ရက်နှင့် အသင့်အတင့်အဆင့်၌ ၅ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ။

**လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# MNL League Cup ဗိုလ်လုပွဲ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်ယူနိုက်တက် ယနေ့ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဇူလိုင် ၅

MNL League Cup ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၆ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ကြိုးပမ်းလျက်ရှိ**

၂၀၂၄ ခုနှစ်တွင် စတင်ကျင်းပသည့် ယင်းပြိုင်ပွဲကို ယခုနှစ်တွင် ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ပြီး ဗိုလ်လုပွဲအဆင့်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ နှစ်ကြိမ်ဆက်တွေ့ဆုံခြင်းဖြစ်သည်။ ပထမအကြိမ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရဲရင့်အောင်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရဗိုလ်စွဲထားသည်။ ဗိုလ်လုပွဲတက်ရောက်လာသည့် နှစ်သင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ တက်ရောက်လာခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက နှစ်ကြိမ်ဆက်ဗိုလ်စွဲနိုင်ရေး၊ ရန်ကုန်ယူနိုက်တက်အသင်းက ပထမဆုံးအကြိမ် ဗိုလ်စွဲနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

ရှမ်းယူနိုက်တက်အသင်းနည်းပြချုပ် ဟီရိုက "ရန်ကုန်ယူနိုက်တက်အသင်းက ပြီးခဲ့တဲ့နှစ်ကနဲ့မတူပါဘူး။ ဒီနှစ်မှာ ပြည်ပကစားသမားကောင်းတွေခေါ်ယူထားတဲ့အပြင် ပြည်တွင်းကစားသမားကောင်းတွေလည်း ပိုင်ဆိုင်ထားပါတယ်။ ဗိုလ်လုပွဲစဉ်က ကျွန်တော်တို့အတွက် သေချာပေါက် ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ချန်ပီယံဆုဖလားကို ဒုတိယအကြိမ်မြောက် ပိုင်ဆိုင်ခွင့်ရဖို့ ရာနှုန်းပြည့် ယုံကြည်မှုရှိပါတယ်။ ဒါကြောင့်မို့လည်း ဒီနေရာမှာရောက်ရှိနေတာပါ"ဟု ပြောကြားသည်။ ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် ဦးကျော်ဒွန်းက "ရှမ်းယူနိုက်တက်နဲ့ ရန်ကုန်ယူနိုက်တက်ဆိုတာ အမြဲတမ်းတွေ့ဆုံနေကြ ပြိုင်ဘက်အသင်းတွေပါ။ အသင်းတိုင်းမှာ အားနည်းချက်/အားသာချက်ဆိုတာရှိပါတယ်။ ဒီပွဲအတွက် ပြင်ဆင်ချိန်နှစ်ပတ် ရထားပါတယ်။ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားဖို့အတွက်ကတော့ ရန်ကုန်ယူနိုက်တက်က အဆင်သင့်ဖြစ်နေပါပြီ။ ကစားသမားသစ် လာဘ်ဝေဘုန်းက ဒဏ်ရာကြောင့် ပါဝင်ဖို့မသေချာပါဘူး။ ဒါပေမယ့် ဂျပန်ကစားသမား ရင်တာရိုဟားမားအနေနဲ့ကတော့ ပါဝင်ဖို့ ရာခိုင်နှုန်းအတော်များပါတယ်။ မိနစ် ၉၀ အတွင်း အဖြေရလဒ်ထွက်ပေါ်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားသည်။

**ထွဏ်းသွေးအိမ်**

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုမဲခွဲ

ရန်ကုန် ဇူလိုင် ၅

မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၅–၂၀၂၆ အာရှအမျိုးသမီးချန်ပီယံလိဂ် ခြေစစ်ပွဲအုပ်စုမဲခွဲပွဲကို ဇူလိုင် ၄ ရက်က ကျင်းပရာ အုပ်စု(က)တွင် ကျရောက်ခဲ့သည်။

ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုငါးခုခွဲ ပြုလုပ်မည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ခြေစစ်ပွဲအုပ်စုမဲခွဲမှုအရ အုပ်စု(က)တွင် Stallion Laguna (ဖိလစ်ပိုင်)၊ အား/ကာသိပ္ပံ(မြန်မာ)၊ Strykers (ဂူအမ်)၊ Khovd Western (မွန်ဂိုလီးယား)၊ အုပ်စု(ခ)တွင် College of Asian Scholars (ထိုင်း)၊ PFC Nasaf (ဥဇဘက်ကစ္စတန်)၊ APF (နီပေါ)၊ အယ်လ်နာဆာ (ဆော်ဒီအာရေဗျ)၊ အုပ်စု(ဂ)တွင် ကီလာနာယူနိုက်တက်(မလေးရှား)၊ အီတီဟတ် (ယူအေအီး)၊ Lion City Sailors (စင်ကာပူ)၊ SDYUSHOR SI – Asiagoal (ကာဂျစ္စတန်)၊ အုပ်စု(ဃ)တွင် Kaohsiung Attackers (တရုတ်(တိုင်ပေ))၊ Naegohyang (မြောက်ကိုရီးယား)၊ Master (လာအို)၊ RTC (ဘူတန်)၊ အုပ်စု(င)တွင် အရှေ့ဘင်ဂေါ (အိန္ဒိယ)၊ ကစ်ချီ (ဟောင်ကောင်)၊ ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား) တို့ ပါဝင်နေသည်။ ခြေစစ်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ပြုလုပ်မည်ဖြစ်ကာ အုပ်စု(က)ကို မြန်မာနိုင်ငံ၊ အုပ်စု(ခ)ကို ဥဇဘက်ကစ္စတန်၊ အုပ်စု(ဂ)ကို မလေးရှား၊ အုပ်စု(ဃ)ကို လာအို၊ အုပ်စု(င)ကို ကမ္ဘောဒီးယားနိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။

နောက်ဆုံးအဆင့်တွင် ခုနစ်သင်းက တိုက်ရိုက်ကစားခွင့်ရထားပြီး ခြေစစ်ပွဲအောင် ငါးသင်းနှင့်အတူ စုစုပေါင်း ၁၂ သင်း ကျင်းပမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# MNL ယူ-၂၁ ပြိုင်ပွဲတွင် မဟာယူနိုက်တက် သရေကျပြီး Falcon နှင့် ဧရာဝတီယူနိုက်တက် သရေကျ

ရန်ကုန် ဇူလိုင် ၅

MNL ယူ–၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၂)ကို ယနေ့တွင်ကျင်းပရာ မဟာယူနိုက်တက်အသင်း သရေကျပြီး Falcon နှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ သရေကျခဲ့သည်။



မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက Dagon Port အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ဇယားအောက်ဆုံးမှ နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းက ပွဲပြီးခါနီး ပင်နယ်တီဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မဟာယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၉၀ တွင် ပင်နယ်တီမှတစ်ဆင့် ဇော်မင်းသန့်က သွင်းယူခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် Falcon အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ ၃၂ မိနစ်တွင် ဝင်းမင်းသန့်က Falcon အသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ဧရာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၇၃ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဝိုင်းထက်ပိုင်က သွင်းယူသည်။

ပွဲစဉ်(၁၂) ဒုတိယနေ့ကို ဇူလိုင် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပဒုမ္မာကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – မောင်စံကြီး**
**ဓာတ်ပုံ – MNL**

**❖ ကျောဖုံးမှ**

အခုပွဲစဉ်မှာ ဂျာမနီအမျိုးသမီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ချူလာဟာ နောက်ဆုံးကျင်းပခဲ့တဲ့ အမျိုးသမီးယူရိုပြိုင်ပွဲလေးခုစလုံးမှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး အမျိုးသမီးယူရို ၂၀၁၇၊ ၂၀၂၂၊ ၂၀၂၃ နဲ့ ယခု ၂၀၂၅ တို့မှာ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဂျာမနီအမျိုးသမီးအသင်းဟာ အမျိုးသမီး ယူရိုပြိုင်ပွဲတွေမှာ ချန်ပီယံအသင်းဖြစ် ရှစ်ကြိမ်အထိ အောင်ပွဲနိုင်ခဲ့တာဖြစ်ပြီး ယခု အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲမှာလည်း ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ အသင်းတွေထဲမှာ ပါဝင်နေတာ ဖြစ်ပါတယ်။

ဂျာမနီအမျိုးသမီးအသင်းဟာ အမျိုးသမီးယူရို ၂၀၂၅ ရဲ့ အုပ်စု(C) ဒုတိယပွဲစဉ်အဖြစ် ဇူလိုင် ၈ ရက်မှာ ဒိန်းမတ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ပိုလန်အမျိုးသမီးအသင်းကတော့ ဆွီဒင်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ်**



# Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်လှစ်

မြန်အောင် ဇူလိုင် ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေက မြန်အောင်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အားကစားကွင်းအတွင်း ဘောလုံးအသင်းများကနေရာယူပြီး Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲအား မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြန်အောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းထွဋ်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနေ့တွင် 5 Star ဘောလုံးအသင်းနှင့် Happy FC ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**ဝင်းမိုလ်(မြန်အောင်)**

**❂ အာရှဖလားမှ**

လူစုံခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း အဖွင့်ဂိုးကို ၃၉ မိနစ်မှရခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။ အသင်းအတွက် အနိုင်ဂိုးများကို ၄၀၊ ၄၂ မိနစ်တွင် ရွှေရည်ထွန်း၊ ၄၅+၅ မိနစ်တွင် ခင်မိုမိုထွန်း၊ ၅၂ မိနစ်တွင် ဝင်းသီဂီထွန်း၊ ၅၈ မိနစ်တွင်မေထက်လူ၊ ၇၃ မိနစ်တွင် ဝင်းဝင်းတို့က သွင်းယူသည်။

အုပ်စု(C) အခြားပွဲတွင်ဘင်္ဂလားဒေ့ရှ်အသင်းက တာ့ခ်မင်နစ္စတန်အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ အုပ်စု(C)ပွဲစဉ်များအပြီးတွင် ဘင်္ဂလားဒေ့ရှ်အသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ခြောက်မှတ်ရသည့် မြန်မာအသင်း၊ တစ်မှတ်စီရရှိသည့် ဘာရိန်းအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့မှာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

**သတင်း – ချစ်ကိုကို၊ ဓာတ်ပုံ – MFF**

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊

❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊

❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊

❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊

❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊

❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊

❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊

❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊

❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊

❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက် ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ်(၁၃၂/ခ) ဟုခေါ်တွင်သည့် အကျယ် (၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဘေဘီချာတာဂျီ [၁၂/သဃက(နိုင်)၀၀၄၈၉၉] ထံမှကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B, D.M.L, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း - ၀၉-၄၂၁၁၂၃၃၇၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ အထကရေတာရှည်ကျောင်း Grade-7 မှ မောင်ဉာဏ်လင်းဖြိုး၏ ဖခင် ဦးဘီဂျဲကူးမား (ခ) ဦးဘီကျေး [၉/ပမန(နိုင်)၂၄၇၇၅၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘီဂျဲကူးမား(ခ)ဦးဘီကျေး**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက သိမ်ကုန်းကျောင်း G-12 တွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်သူ၏ ဖခင် အမည်မှန်မှာ ဦးကျော်ထူးလှိုင် [၉/ရမသ(နိုင်)၀၉၅၈၇၆] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ အထက သိမ်ကုန်းကျောင်း G-12 တွင် ပညာသင်ကြားနေသော မချစ်စနီးဖြူ၏ ဖခင် အမည်မှန်မှာ ဦးမန်းအော င် [၉/ရမသ (နိုင်) ၁၅၇၇၆၃] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၈)၊ ဦးပိုင်အမှတ် (၁၁-ဓ/၁)၊ ၈၈ လမ်း၊ ၃၅x ၃၆ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးခင်မောင်စန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၆၀၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်လှငြိမ်း (ခ) ဒေါ်လှညိမ်း [၉/မနတ (နိုင်)၀၁၂၆၆၈]က အမှုတွဲအမှတ် (၀၁၂၄/ဘ(ပြောင်း)/ ၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၂)၊ ဦးပိုင်အမှတ်(၂၄+၂၅)၊ ၈၂လမ်း၊ ၄၂x၄၃လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သော ဦးစိုးလွင် (ခ) အောင်ကင်ရောင်း၊ ဦးအောင်ကင်စိန်၊ ဦးစိုးသိန်း (ခ)အောင်ကင်ဟွပ်(ခ) အလူးတို့ (၃)ဦးအနက် ဦးစိုးလွင်(ခ) အောင်ကင်ရောင်းပါ (၂)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၉၉၆/၂၀၁၆)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးစိုးသိန်း (ခ) အောင်ကင်ဟွပ်(ခ) အလူး [၉/မရတ(နိုင်) ၀၁၇၆၈၉] ကအမှုတွဲအမှတ်(၀၁၂၃/ဘ(ပြောင်း)/ ၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ Botahtaung Time Square အဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(C-2)၊ (၇-လွှာ)၊ အခန်းအမှတ်(A/704)၊ အကျယ်အဝန်း(၆၅၀ စ/ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါကွန်ဒိုတိုက်ခန်းကိုပိုင်ဆိုင်ထားသူများဖြစ်သောဦးမောင်မောင်ကြီး (၁၂/ပဘတ (နိုင်)၀၁၁၉၆၁) ဒေါ်ခင်သန်း(WMDY-၃၄၇၉၀၁)၊ ဒေါ်ခင်အေးစီ(၁၂/ဗတထ(နိုင်)၀၂၉၆၃၄)၊ ဒေါ်မြနန်းစိုး(၁၂/စခန(နိုင်)၀၅၄၆၇၄) တို့သည် မိမိတို့သာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း ဝန်ခံပြီးရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ အစိတ်အပိုင်းကို ရောင်းချသူတို့ထံ ပေးချေထားပါသည်။ ဤကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူတို့ထံမှ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်မိမိလှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၅၃၅၄ )**
တိုက်(၈)၊အခန်း(၇)၊တိရစ္ဆာန်ဥယျာဉ်လမ်း၊ ဖဆပလရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၁၂၀၅၁

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပညာရေးမှူးရုံးတွင် အကြီးတန်းစာရေးတာဝန်ထမ်းဆောင်နေသော ဦးကျော်ကျော်လွင်(ဘ) ဦးသန်း[၉/မခန(နိုင်)၀၂၅၅၇၆]၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ ၁၄-၃-၁၉၆၇ ဖြစ်ပါကြောင်း။ ၁၄-၃-၁၉၆၇

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ ကန်ဖျားလမ်းမကြီး၊ အမှတ်-၃၃ နေ ဒေါ်အင်ဝါ(ခ)ဒေါ်အင်ကြူ (ဘ)ဦးအရှင်း [၆/ကသန(နိုင်)၀၀၅၄၇၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့တွင် မှတ်ပုံတင်၍ လိုင်စင်အသီးသီး ထုတ်ပေးထားသော ငါးဖမ်းရေယာဉ်များဖြစ်သည့် (၁) ကျောက်နီမော်-၆ (ကမ်းဝေးငါးဖမ်းလိုင်စင်အမှတ်-T.၁၂၃၉၊ ရေယာဉ်မှတ်ပုံတင်အမှတ်-ON.100659)၊ (၂) ဝမ်နီ(T.၁၂၄၇, ON. 100981)၊ (၃)ရောနဒီ(T.၁၃၇,ON.101415)၊ (၄)ရောနဒီ-၁(T.၃၉၃, ON.100982)၊ (၅)ရောနဒီ-၅(T.၅၂၆,ON.100668)၊ (၆)ငွေပင်လယ်-၁၀၅(T.၇၂၇,ON.100980)၊ (၇)ငွေပင်လယ်-၁၄၀ (T.၁၀၀၁,ON. 100715)၊ (၈) ပြည့်ဖြိုး (T.၅၃၄, ON.100727)၊ (၉) ပြည့်ဖြိုး-၁(T.၅၈၂, ON.100975)၊ (၁၀) ပြည့်ဖြိုး-၇(T.၄၅၀, ON.100665)၊ (၁၁) ပြည့်ဖြိုး-၉(T.၆၀၈, ON.100976)၊ (၁၂) ဘုန်းပြည့်-၂ (T.၃၃၃, ON.100979)၊ (၁၃) ဘုန်းပြည့်-၅ (T.၃၆၀,ON.101399)၊ (၁၄)ဘုန်းပြည့်-၉(T.၂၆၀, ON.100977)၊ (၁၅)ဘုန်းပြည့်-၂(T.၂၇၇,ON. 101424)၊ (၁၆) ရွှေဝင်းကျော်-၁(T.၄၄၂,ON.100984)၊ (၁၇) လင်းရွှေရည်ဖြိုး-၁(T.၀၂၉, ON.100983)၊ (၁၈) လင်းလင်းအောင်-၄၄ (T.၁၁၅၅, ON.100978)၊ (၁၉) ကျောက်နီမော်-၉(TR.၅၉၅, ON.FMD/0016/15)၊ (၂၀) ကျောက်နီမော်-၁၀(TR.၅၉၆,ON.FMD/0017/15)၊ (၂၁) ရောနဒီ-၈၈ (ငါးသယ်လိုင်စင်အမှတ်- YCNF.၂၃၂၃, ရေယာဉ်မှတ်ပုံတင်အမှတ်-ON.6843 ( A)၊ (၂၂) ကျောက်နီမော်-၈၈၈ (YCNF.၂၃၂၄, ON.7187(A))၊ (၂၃) ငွေပင်လယ်-၁၆၅ (TCNF.၀၆၉, ON.100765) စသည့် ရေယာဉ်များ၏ ပိုင်ရှင်အမည်ပေါက်မှာ ဦးဝင်းဗိုလ် [၆/ကသန(နိုင်)၀၀၅၅၈၈] အမည်ဖြင့် ထုတ်ပေးထားပါသည်။ ဦးဝင်းဗိုလ်သည် (၁၈-၂-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်သည်ဖြစ်၍ ဦးဝင်းဗိုလ်အမည်မှ ၎င်း၏ အမွေဆက်ခံခွင့်ရှိသည့် တရားဝင်ဇနီးဖြစ်သူ ဒေါ်အင်ဝါ(ခ)ဒေါ်အင်ကြူ [၆/ကသန(နိုင်)၀၀၅၄၇၇] အမည်သို့ အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသည်။ ထိုသို့ ငါးဖမ်းရေယာဉ်များနှင့်သက်ဆိုင်သည့် လိုင်စင်အမည်အသီးသီးတို့ရှိ ပိုင်ရှင်အမည်-ဦးဝင်းဗိုလ်အမည်မှ ဒေါ်အင်ဝါ(ခ) ဒေါ်အင်ကြူ အမည်သို့ ပြောင်းလဲလျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့် တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ တနင်္သာရီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရှိ ဌာနအသီးသီးသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်သူမရှိပါက ဒေါ်အင်ဝါ(ခ)ဒေါ်အင်ကြူ [၆/ကသန(နိုင်)၀၀၅၄၇၇] အမည်သို့ သက်ဆိုင်ဌာနများ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းလျှောက်ထားဆောင်ရွက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၅၂)**
**အမှတ်-၃၁၊ ဗိုလ်ဗထူးလမ်း၊ ခရူတောရပ်၊ မြိတ်မြို့။**
**ဖုန်း-၀၉-၄၁၀၀၅၅၇၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၇၃၆/ခ)ရှိ ၆ထပ်တိုက် အဆောက်အဦ၏ ပထမထပ် အကျယ်အဝန်း ၁၈ပေx၅၄ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ခွင့်ရှိပြီး တရားဝင်ရောင်းချခွင့်ရှိသူများဖြစ်သော ကိုဇော်ထူးအောင်[၁၂/လသန(နိုင်) ၀၂၁၈၇၁]နှင့် မမေသဇင်မြင့်[၁၂/လသန(နိုင်)၀၂၂၁၇၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ကိုကောင်းဝေဦး[၁၂/ပဇတ(နိုင်)၀၃၁၉၈၉]နှင့် မအေးယုဆွေ[၁၂/ပဇတ(နိုင်)၀၃၁၆၄၉]တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း လူကိုယ်တိုင် မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေရည်ထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၅၄၃၂၄)**
**အမှတ်-၁၀၀၈၊ အင်းဝလမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၉၅၀၂၈၁၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကျိုက်သလဲကျေးရွာအုပ်စု၊ ကွင်း/အကွက်၊ အမှတ်နှင့်အမည်-၁၁၅-ခ/ပေါက်တော၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၆၊ ရောင်းချသူ ဦးထွန်းမြင့် အမည်ပေါက် ဥယျာဉ်ခြံမြေ၊ ဧရိယာ (၇) ဧက အကျယ်အဝန်းရှိ ဥယျာဉ်ခြံမြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ **ဦးထွန်းမြင့်** (၁၂/တတန (နိုင်) ၀၆၁၂၇၇) က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေအချို့ကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းဗိုလ်အေး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၂၄)
တိုက် - ၁၀၄/၁၁၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၆၅၁၅၄၇၀၉

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၄၇၆)ဟုခေါ်တွင်သော အိမ်အမှတ်(၄၇၆)၊ ယောမင်းကြီးလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးသိန်းဝင်း (ဘ) ဦးထွန်းမြင့်(ခ)ဦးအုန်းမြင့် (V/RGN-001393)အမည်ပေါက်၊ ပေ(၄၀x၆၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၄၇၅)နှင့်ကပ်လျက် ပေ(၂၀x၆၀) ကျယ်ဝန်းသည့်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်အစပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချမည်ဖြစ်ကြောင်း ဦးဝင်းမောင်(ဘ) ဦးဝေထွန်းခိုင် [၁၁/ကဖန(နိုင်)၀၀၀၄၅၅] မှ ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ယမုံဇော် [LL.B(Q),HGP]** | **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)** |

**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၂လမ်း၊ (လမ်းတို)အမှတ်-၈၃၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ်အဆောက်အဦ၏ အခန်းအမှတ်(၆လွှာ/အေ) အခန်းအား တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမြသက်အောင် [၁၂/ဗဟန(နိုင်) ၀၂၁၃၀၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့်စာရွက်စာတမ်း မူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သက် (LL.B)** | **ဒေါ်ဆွေဇင်မိုး (LL.B)** |
| **(စဉ်-၉၂၇၈/၂၀၁၃)** | **(စဉ်-၉၃၀၀/၂၀၁၃)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်-၉/၁၁၊ ပ-ထပ်၊ အခန်း(၁၀၃-H)၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်။ ရန်ကုန်တိုင်းဒေသကြီး။**
**09-420051043, 09-252489079**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

